ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ တနင်္လာနေ့ (13-6-2011) (၆၇၈၉)

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူတို့က Viglacera အရောင်းပြခန်းနှင့် ဌာနေကိုယ်စားလှယ်ရုံးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး ဗီယက်နမ် ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Hoang Trung Hai ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ကွင်းအနီး ဂျိုးဖြူလမ်းရှိ Viglacera အရောင်းပြခန်းနှင့် ဌာနေကိုယ်စားလှယ်ရုံးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ Viglacera Cooperation General Director, Mr. Nguyen Anh Tuan နှင့် Shine Group of Companies ဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Hoang Trung Hai၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

ယနေ့ ☐ သတင်း၊ ဆောင်းပါး အညွှန်း

သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ၊ ဘေးရန်လျှော့ထား အသင်လူသား
(ဆောင်းပါး)စာမျက်နှာ - ၆

အရပ်နှစ်ပေမပြည့်သည့် ဖိလစ်ပိုင်လူပုလေး ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ် မှတ်တမ်းဝင်
(သတင်း)စာမျက်နှာ - ၄

တည်ဆောက်ဆဲတံတားများ အမြန်ဆုံးပြီးစီးရန်နှင့် ကျန်တံတားများ ဆက်လက်တည်ဆောက်
(သတင်း) စာမျက်နှာ - ၃

၂၀၁၁ အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဂျာမနီ၌ မကြာမီကျင်းပမည်
(သတင်း) စာမျက်နှာ - ၁၀

ဂျပန်သို့ခြေဆန့်မည့် ကိုရီးယားတေးဂီတအဖွဲ့များ
(သတင်း) စာမျက်နှာ ၅

ယနေ့ မိုးလေဝသ

နေပြည်တော်
မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်
မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အင်တာနက် ကျန်းမာရေး ဆေးသိပ္ပံသတင်း

နှလုံး၌ ထိခိုက်မှုဖြစ်ပွားပါက နှလုံးကိုယ်တိုင်အလိုအလျောက် ကုသပြုပြင်နိုင်သောဆေးဝါး သိပ္ပံပညာရှင်များ စမ်းသပ်

လန်ဒန် ဇွန် ၁၂

နှလုံးအင်္ဂါအစိတ်အပိုင်းများ၌ ထိခိုက်မှုဖြစ်ပေါ်ပါက ၎င်းတို့ဘာသာ အလိုအလျောက် ပြန်လည်ပြုပြင်ကုသနိုင်စွမ်းကို ပေါ်ထွက်လာစေမည့် ဆေးဝါးတစ်မျိုးကို ကြွက်များဖြင့် သုတေသနပြု စမ်းသပ်နေပြီဖြစ်ကြောင်း ဇွန် ၈ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

နှလုံးဖောက်ပြန်မှုတစ်ရပ်ကြောင့် ဖြစ်ပေါ်ရသော ထိခိုက်ပျက်စီးမှုများကို သေရာပါဝေဒနာများအဖြစ် ယခင်က ယူဆခဲ့ကြသည်။

သို့ရာတွင် သိုင်မိုစင် ဘီတာ-၄ (thymosin Beta-4)အမည်ရှိ ဆေးဝါးတစ်မျိုးကို ကြိုတင်သုံးစွဲခဲ့ပါက နှလုံးရောဂါကြောင့် ထိခိုက်ပျက်စီးမှုများကို နှလုံးကိုယ်တိုင်က ပြန်လည်ကုသပြုပြင်နိုင်မည့် အစွမ်းသတ္တိမျိုးပေါ်ထွက်ကြောင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

ကြေးမုံ The Mirror
၁၃-၆-၂၀၁၁
(တနင်္လာနေ့)

ဓာတ်မြေသြဇာပိုးသတ်ဆေး အချိန်ကိုက်အချိုးမှန်သုံးစွဲ

နိုင်ငံ၏လူဦးရေအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်နေကြသည်။ နိုင်ငံတော်က တောင်သူလယ်သမားများအပါအဝင် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာရေး ကြိုးပမ်းမြှင့်တင်ပေးနေသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တစ်ခေတ်ဆန်းသစ်လာစေရေး လိုအပ်ချက်များကို ဖြည့်ဆည်းတည်ဆောက်ရင်း လယ်ယာထွက်ကုန်သီးနှံများ တိုးမြှင့်ထုတ်လုပ်လာနိုင်ရေး အားပေးကူညီလျက်ရှိသည်။ လယ်ယာကဏ္ဍ၏ အဓိက လိုအပ်ချက် စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးမြေများ ရေကြီးရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေးအတွက် ဆည်တမံပေါင်း နှစ်ရာကျော်ကို တည်ဆောက်ပေးထားရာ သီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုးလာနိုင်ကြပြီဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် စိုက်ဧကများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးခြင်းနှင့်အတူ အထွက်နှုန်းကောင်း၊ သီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးကြရန် လိုအပ်သည်။ သီးနှံများ ဈေးကွက်ဝင် အရည်အသွေးကောင်းမှ ဝင်ငွေတိုး အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ စပါးနှင့် အခြားသီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အထွက်တိုး မျိုးကောင်းသီးနှံမျိုးစေ့များ သုတေသနပြုထုတ်လုပ်၍ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်ဝဝ ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်သည်။

အဓိကသီးနှံများကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ကျင့်သုံးခြင်းဖြင့် သီးနှံများ အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ စိုက်ပျိုးရေးပညာရှင်များနှင့် ဝန်ထမ်းများက ဒေသအလိုက် လယ်ယာလုပ်ငန်းခွင်များအရောက် သွားရောက်၍ နည်းမှန်စနစ်မှန် အသိပညာပေး ပြသကြရပေမည်။

တစ်ချိန်တည်းတွင် ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်များ၊ စံပြစိုက်ပျိုးရေးပညာပေးစိုက်ကွင်းများ ထူထောင်စိုက်ပျိုးပြသသွားကြရန် လိုအပ်သည်။ စိုက်ပျိုးရေ စနစ်တကျသုံးစွဲရေး အပါအဝင် သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုများ အချိန်ကိုက် အချိုးအစားမှန်ကန်စွာ အသုံးပြုနိုင်ရေးကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

အထွက်တိုး မျိုးသန့် အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်ရာတွင် စိုက်ပျိုးချိန်မှ ရိတ်သိမ်းရောင်းချပြီးချိန်အထိ အလေအလွင့်လျော့နည်းရေးသည်လည်း ဂရုပြုဆောင်ရွက်ကြရမည့်အချက်ဖြစ်သည်။ တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် ဝန်ထမ်းများအားလုံးက ဈေးကွက်ရှိသောသီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေး လက်တွေ့ကျကျ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှု အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

ဇွန် ၁၂ ရက်က တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက် စည်ပင်လမ်း၌ ဓာတ်အားလိုင်း ကာကွယ်ရေးပစ္စည်းများ တပ်ဆင်ခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထင်ကျော်ခိုင်နှင့် လိုင်းဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရဲတပ်ဖွဲ့ ရဲကျင့်ဝတ်နှင့် စံပြရဲ ရေးဖြေစာမေးပွဲ ကျင်းပ

ပြည် ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးအဆင့် ရဲကျင့်ဝတ်နှင့် စံပြရဲ ရေးဖြေစာမေးပွဲဖြေဆိုသည့် အခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက ပြည်မြို့ ရွှေကူရပ်ကွက် အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

ယင်းရဲကျင့်ဝတ် ရေးဖြေစာမေးပွဲတွင် ဒုတိယရဲမှူးအဆင့်မှ တပ်သားအဆင့်အထိ ၂၄ ဦး၊ စံပြရဲ ရေးဖြေစာမေးပွဲတွင် ရဲအုပ်အဆင့်မှ တပ်သားအဆင့်အထိ ၁၆ဦး စုစုပေါင်း ၄၀ ဖြေဆိုကြရာ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဆွေက စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တောင်သာမြို့နယ် ဇရပ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

နေပြည်တော် ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ဇရပ်ကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။

ဈေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်ဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်လွင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးရွှေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းက အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဦးအောင်သောင်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်ဝင်းက ဇရပ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်အမိန့်နှင့် အမှုတွဲအား မြို့နယ်ပညာရေးမှူး ဦးလင်းထံ ပေးအပ်ခဲ့သည်။(သတင်းစဉ်)

တောင်သာမြို့နယ် ဇရပ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ
ပညာရွှေအိုး လူမခိုး

အထက(၂) ဗဟန်း(နန်ယန်) အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၂

အထက(၂) ဗဟန်း(နန်ယန်) အာစရိယပူဇော်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက်က ကန်တော်ကြီး Western Park ၌ ကျင်းပရာ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးအောင်သန်း အမှူးပြုသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမ ၁၁၅ ဦးနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အသက်(၇၀)အထက် ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကျန်းမာရေးစောင့်ရှောက်ပေးမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ကျန်းမာရေးအတွက် ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ဂျပန်နိုင်ငံ JFEE Engineering Corporation တို့ ပူးပေါင်းဆောင်ရွက်သည့် ဂဟေသင်တန်းသား အဌမအပတ်စဉ် သုံးနှစ်သင်တန်းတက်ရောက်ရန် ဇွန် ၁၁ ရက်က ထိုင်းလေကြောင်းဖြင့် ဂျပန်နိုင်ငံသို့ မထွက်ခွာမီ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအုန်းမြင့်၊ ဗဟိုကော်မတီဝင် ဦးလှကြိုင်နှင့် မိတ်ဆွေသင်္ဂဟများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၂။ တရားတော်
- ၇:၂၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၅။ မြန်မာ့ရှုခင်း
- ၇:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၄။ စိုက်ပျိုးသုတ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ ဇာတ်လမ်းတို
- ၄:၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
- ၅:၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင်(အပိုင်း-၉)**
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၁၈)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ ဗီဒီယာဝန်အရေး(၃)ပါး
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ Talk Of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၉)**
- ၂၄။ Mini Series
- ၂၅။ သင့်အတွက်မနက်ဖြန်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၀၀၀	၀. ၀၃၂၈၉
တရုတ် (ယွမ်)	၆. ၄၈၁၁၀	၀. ၁၅၄၂၉
အိန္ဒိယ (ရူပီး)	၄၄. ၇၂၀၀	၀. ၀၂၂၃၆
မလေးရှား (ရင်းဂစ်)	၃. ၀၁၉၀၀	၀. ၃၃၁၂၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၆၅၀	၀. ၈၀၈၇၃
ဂျပန် (ယန်း)	၈၀. ၃၄၀၀	၀. ၀၁၂၄၅
တောင်ကိုရီးယား(ဝမ်)	၁၀၈၅. ၈၅	၀. ၀၀၀၉၂
ယူရို	၀. ၆၉၇၀၀	၁. ၄၃၄၇၂
ဗြိတိသျှ (ပေါင်)	၀. ၆၁၆၃၃	၁. ၆၂၂၅၀

အင်တာနက်။

အောက်နတ်ချောင်း တံတားပြီးစီးမှု ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဘိုကလေး- စက်ဆန်း- ထော်ပိုင်- အမာလမ်းပေါ်၌ တည်ဆောက်ပြီးစီးသည့် အရှည် ၄၆၆ ပေရှိ အောက်နတ်ချောင်းတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး လမ်း ၁၁ လမ်းနှင့် တံတားများ တိုးတက်မှု စစ်ဆေးတင်ပြ တည်ဆောက်ဆဲတံတားများ အမြန်ဆုံးပြီးစီးရန်နှင့် ကျန်တံတားများ ဆက်လက်တည်ဆောက်

ရန်ကုန် ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သည့် လမ်း ၁၁ လမ်းမှာ စုစုပေါင်းလမ်းမိုင်အရှည် ၅၄၁ မိုင်၊ ၁ ဖာလုံအနက် ကတ္တရာလမ်းမိုင် ၁၂၀၊ ၃ ဖာလုံ၊ ကျောက်လမ်း ၆၅ မိုင်၊ ၃ ဖာလုံ၊ အမာခံလမ်း ၆၁ မိုင်၊ ၅ ဖာလုံနှင့် မြေသားလမ်း ၂၉၃ မိုင်၊ ၆ ဖာလုံ ဖြစ်ကြောင်း၊အဆိုပါလမ်းပေါ်ရှိ တံတားများမှာ စုစုပေါင်းလျာထားသည့် တံတား ၅၁၈ စင်းရှိပြီး ယနေ့အထိ ၄၅၇ စင်း ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ လက်ရှိ ၄၇ စင်းမှာ တည်ဆောက်နေဆဲ တံတားများဖြစ်ပြီး တည်ဆောက်ရန်ကျန်တံတားမှာ ၁၄ စင်း ဖြစ်ကြောင်း သိရှိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် လှိုင်သာယာ-တွံတေး-မအူပင်ဖြတ်လမ်း ၂၈ မိုင်၊ ၂ ဖာလုံအား လှိုင်သာယာ-တွံတေးလမ်းခွဲမှ စတင်၍ မအူပင်အထိ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကတ္တရာလမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လမ်းဘယ်/ညာရှိ လမ်းပခုံးကို အမာခံသိပ်သည်းမှုရရှိအောင် ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းနှင့် ဖျာပုံ-ဘိုကလေးလမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကာ ဘိုကလေးဘက်ကမ်း၌ တံတားချဉ်းကပ်တိုင်များ ဆောင်ရွက်ပြီးစီးမှုနှင့် ရေလယ်တိုင် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး လမ်း ၁၁ လမ်းနှင့် တံတားများ တိုးတက်မှုအခြေအနေတို့ကို တာဝန်ရှိသူများက စနစ်တကျစစ်ဆေးတင်ပြကြရန်၊ တည်ဆောက်ဆဲတံတားများအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်နှင့် တည်ဆောက်ရန်ကျန်တံတားများကိုလည်း ဆက်လက်တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဘိုကလေးမြစ်ကူးတံတားသည် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ Steel Truss and RCC Concrete ဖြစ်ပြီး ပင်မတံတားအရှည် ၃၅၅၃ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ယာဉ် နှစ်လမ်းသွားနှင့် ရေလမ်းကင်းလွတ်အကျယ်ပေ ၃၀၀ နှင့် အမြင့် ၃၆ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန် ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်၌ တည်ဆောက်ပြီးစီးသည့် အရှည် ၄၆၆ ပေရှိ အောက်နတ်ချောင်းတံတား တည်ဆောက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား တံတားကြီး မကြာမီဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ထားရန်တို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

လှိုင်သာယာ၌ နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေး စောင့်ရှောက်ပေး

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဝန်ကြီး၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှု၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်ပံ့ပိုးမှုဖြင့် လှိုင်သာယာမြို့နယ်အတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ယဉ်သန္တာလွင်၊ တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးမှ တီဘီရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး ခုခံကျ ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ ဦးသန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးမှူး ဒေါ်သန်းသန်းမြင့်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြသည်။

ထို့နောက် အဆိုပါ ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ် ရပ်ကွက်များအတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးဝါးများ၊ အာဟာရပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)** (ကြေးမုံ)

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် သန်လျင်၌ ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မင်္ဂလွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၄ ရက်က ကျေးရွာကျန်းမာရေးဌာနခွဲအဆောက်အအုံ၌ ကျင်းပရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီလာစိုးနှင့် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းတို့က အမှာစကားပြောကြားကြပြီး ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းနှင့် မင်္ဂလွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှထွန်းတို့က ခရိုင်ကျန်းမာရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ကြကြောင်း သိရသည်။ **(ဝဲပုံ)** (၅၂၇)

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နေ့စဉ်ထုတ် သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းသော ကျင်းထုံခြင်ဆေးခွေတွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင် တင်ပြထားခြင်း မရှိသော Meperfluthrin အမျိုးအစား ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။ ပါဝင်မှုပမာဏမှာလည်း ကျင်းထုံအပြာရောင်ဘူးတွင် သုည ဒသမ ဝ၆၄၁ ရာခိုင်နှုန်း၊ အနီရောင်ဘူးတွင် သုည ဒသမ ၁၁၅၉ ရာခိုင်နှုန်း၊ အစိမ်းရောင်ဘူးတွင် သုည ဒသမ ၁၁၂၉ ရာခိုင်နှုန်းပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့် ပမာဏ သုည ဒသမ ဝ၄ ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက်စေသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိသည်။ ခြင်ဆေးခွေ တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှုစစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။ သို့ဖြစ်ပါ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆိုပါကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၁၁ (တနင်္လာနေ့)

AM & PM
- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အရိပ်ကိုယ်စီနှင့်ခရီးသွားနေသူများ"တရားတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၁)**
- ၈း၅၀ ဖူးလှည့်ဖို့ဖိတ်ခေါ်ပါသည်. . . မန်းမန္တလာက. . . အိမ်တော်ရာစေတီ
- ၉း၀၀ ဖွဲ့စုံသာသနာရာမကျောင်းတိုက်ကြီး၏ပဗ္ဗဇ္ဇအလှူတော်မင်္ဂလာ
- ၉း၂၀ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) ၏ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၃/၂၀၁၁)
- ၉း၄၀ နေ့ထူးနေ့မြတ်မှာဆင်နွှဲ အောင်လံမြို့မှဆွမ်းဆန်စိမ်းလောင်းလှူပွဲ
- ၁၀း၀၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၂၀ The Champion of Dance
- ၁၀း၅၅ Celebrity Choice
- ၁၁း၂၀ မြစ်သားမြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး
- ၁၁း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၀ ဥယျာဉ်မှူးတို့ရဲ့ ပီတိအပြုံးများ
- ၁၂း၂၀ စားချင်စဖွယ်နည်းအသွယ်သွယ်
- ၁၂း၄၀ ကွတ်ခိုင်မြို့မှ ဓာတ်တော်ရှင်ကျိုက်ထီးရိုးစေတီတော်ထီးတော်တင်မင်္ဂလာ၊ ရှင်ပြုမင်္ဂလာနှင့် ဆီမီး(၉၀၀၀)ပူဇော်ပွဲ
- ၁း၀၀ "အရိပ်ကိုယ်စီနှင့်ခရီးသွားနေသူများ"တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ FMF Selection
- ၂း၅၅ အမာရွတ်ကင်းတဲ့လှပခြင်းအတွက် Hiruscar
- ၃း၀၀ မင်းထက်မောင်မောင်. . . ဖွင့်ပြောပြီ
- ၃း၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၃)**
- ၄း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၁)**
- ၄း၅၅ ဘီတွတ်ရွာတွင် တည်ထားပူဇော်တာဝတိံသာစေတီတော်
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [မောင်လူမွှေး(မြန်မာမှု)၊ မျိုးမြတ်သူ]
- ၆း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၄)**
- ၇း၄၀ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၂)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ
- ၁၁း၀၅ International Show Biz
- ၁၁း၂၀ ရလဒ်ကောင်းများနှင့် Organic
- ၁၁း၃၀ ဈေးဝယ်လမ်းညွှန်
- ၁၁း၅၅ ကွက်လပ်ဖြည့်ပါ
- ၁၂း၀၀ လှပသစ်ဆန်းအလှပြင်ခန်း
- ၁၂း၂၅ သတ္တုတူးသောရွာကလေး
- ၁၂း၃၅ မြန်မာ့လက်မှုပညာ
- ၁၂း၅၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ
- ၁း၀၅ Celebrity Profile
- ၁း၄၀ တိုးတက်စည်ပင် ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
- ၂း၀၅ Shooting Location
- ၂း၂၀ နုပျိုလန်းဆန်းကျန်းမာဖို့ SG 2000 Ultrasonic Bubble Massage Bath
- ၂း၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
- ၄း၂၅ သွေးချင်းတို့မြေချင်းဌာနေ
- ၄း၄၀ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှာပန်းလှရောင်စုံဖြာ
- ၄း၅၅ ရွှေကျင်မြေတွင် တည်ထားပူဇော် ဆံတော်ရှင်အရှေ့မဟာဗုဒ္ဓဘုရားကြီး(ခေါ်)မွေတော်မွန်ဓရာဇ်စေတီတော်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမေရိကန်က ယခုနှစ်တွင် လက်နက်တင်ပို့မှု နှစ်ဆတိုးမြှင့်

ဝါရှင်တန် ဇွန် ၁၂

အမေရိကန်ပြည်ထောင်စုသည် ယခုနှစ်တွင် အမေရိကန် ဒေါ်လာ ၄၆ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ လက်နက်များကို တင်ပို့ရောင်းချရန် စီစဉ်ထားရာ ၂၀၁၀ ခုနှစ်ကထက် လက်နက်တင်ပို့မှု နှစ်ဆမြင့်တက်လာခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးမည့် ၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် လက်နက်နှင့် စစ်ဘက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုသောကိရိယာများကို ပြည်ပသို့ တိုးမြှင့်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အမေရိကန် လက်နက်ပို့ကုန်များ၏ ၇၉ ရာခိုင်နှုန်းကို ဖောက်သည်နိုင်ငံများနှင့် အဖွဲ့အစည်းများက ဝယ်ယူခြင်းဖြစ်ပြီး ကျန်ပို့ကုန်ပမာဏမှာ အမေရိကန်ထောက်ပံ့ရေးအစီအစဉ်များအရ ရန်ပုံငွေ ထောက်ပံ့ပေးထားသောနိုင်ငံများက ဝယ်ယူခြင်းဖြစ်သည်ဟု ဆိုသည်။

သုံးဆမြင့်တက်

၂၀၀၀ ပြည့်လွန် အစောပိုင်းနှစ်များက အမေရိကန် လက်နက်ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၁၀ ဘီလီယံခန့်သာရှိခဲ့ပြီး ၂၀၀၅ ခုနှစ် နောက်ပိုင်းတွင် လက်နက်ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၃၀ ဘီလီယံခန့်အထိ သုံးဆမြင့်တက်လာခဲ့သည်။

၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အမေရိကန်ရှိ ပြည်ပလက်နက်ရောင်းချရေး အဖွဲ့အစည်းမှတစ်ဆင့် မဟာမိတ်နိုင်ငံများသို့ ဒေါ်လာ ၉၆ ဘီလီယံဖိုး လက်နက်ရောင်းချခဲ့သည်။

အမေရိကန်သည် လောလောဆယ်တွင် နိုင်ငံပေါင်း ၁၆၅ နိုင်ငံနှင့် လက်နက်အရောင်းအဝယ် ကန်ထရိုက်စာချုပ် ၁၃၀၀၀ ကျော် ချုပ်ဆိုထားကြောင်း အမေရိကန် ကာကွယ်ရေး လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ညွှန်ကြားရေးမှူး ဒုတိယရေတပ် ဗိုလ်ချုပ် ဝီလျံ လန်ဒေးက ပြောကြားသည်။ **အင်တာနက်။**

အမေရိကန်ပြည်ထောင်စုက ထုတ်လုပ်သော ပက်ထရီးယား စစ်သုံးယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓာတ်ရောင်ခြည်သင့်သည့် လက်ဖက်ခြောက်များကို ဂျပန်ပြန်လည်သိမ်းဆည်း

တိုကျို ဇွန် ၁၂

ဂျပန်နိုင်ငံ၏ လက်ဖက်ခြောက်လုပ်ငန်း အများဆုံး တည်ရှိရာ ရှိဇူအိုကာနယ်၌ စိုက်ပျိုးထားသော လက်ဖက်ပင်များတွင် ရေဒီယို ဓာတ်သတ္တိကြွမှုသည် သတ်မှတ်စံနှုန်းထက် များပြားနေကြောင်း စမ်းသပ်တွေ့ရှိရသည်ဟု တာဝန်ရှိသူများက ဇွန် ၁၀ ရက်တွင် ပြောကြားသည်။

ရှီဇူအိုကာမြို့အတွင်းရှိ စက်ရုံတစ်ရုံမှ လက်ဖက်ရွက်များ၌ ကေစီယံပါဝင်မှုသည် တစ်ကီလိုဂရမ်လျှင် ၆၇၉ ဗက်ကာရီ ရှိနေကြောင်း စမ်းသပ်တွေ့ရှိရပြီးနောက် ကုန်သည်တစ်ဦးက ၎င်းရောင်းချခဲ့သော လက်ဖက်ခြောက်များကို ပြန်လည်သိမ်းဆည်းခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ကေစီယံပါဝင်မှု အများဆုံးသတ်မှတ်ချက်မှာ တစ်ကီလိုဂရမ်တွင် ဗက်ကာရီ ၅၀၀ သာဖြစ်သည်။

အစိုးရက လက်ဖက်ခြောက် နမူနာများ၌ ပုံမှန်အချိုးအစားထက် ရေဒီယိုသတ္တိကြွနေသည့် ကေစီယံများ ပါဝင်နေကြောင်း တွေ့ရှိပြီးနောက် တိုကျိုမြို့တော်အနီးရှိ ချီဘာ၊ အိုင်ဘာရာကီ၊ ကာနာဂါဝါနှင့် တိုချီဂီ စီရင်စုများမှ လက်ဖက်ခြောက်များအား ပြည်ပသို့ တင်ပို့ခြင်းကို ပိတ်ပင်ခဲ့သည်။ **အေအက်ဖ်ပီ။**

မွမ်ဘိုင်းမှ မှုခင်းသတင်းစာဆရာ လုပ်ကြံခံရ

မွမ်ဘိုင်း ဇွန် ၁၂

အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော် မွမ်ဘိုင်းတွင် ဇွန် ၁၁ရက်က ထင်ပေါ်ကျော်ကြား လူသိများသည့် သတင်းစာဆရာတစ်ဦးကို လူလေးဦးက သေနတ်ဖြင့်ပစ်သတ်ပြီး မော်တော်ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းရေးသားသည့် မွမ်ဘိုင်းမြို့၏ မြေအောက်ဒုစရိုက်လောကအကြောင်းသတင်းများကြောင့် သတင်းစာဆရာ ဂျေဒေးမှာ နာမည်ကြီးရခြင်းဖြစ်သည်။ သူသည် မစ်ဒေးသတင်းစာတိုက်တွင် စာတည်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည်မှာ ၁၅ နှစ်ကျော်ပြီ ဖြစ်သည်။

အသက်(၅၀)အရွယ်ရှိ ဒေးကို မွမ်ဘိုင်းမြို့ ပိုဝေးရပ်ကွက်တွင် သေနတ်ဖြင့် အနီးကပ် ငါးချက်တိတိ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မစ်ဒေးသတင်းစာ သတင်းထောက်ချုပ် ဗီနော့ကူးမား မီဒွန်က ပြောသည်။

ယင်းသို့ လုပ်ကြံခံရခြင်း၏အကြောင်းရင်းနှင့် မသက်ာသူများကို သိရှိရန်အလို့ငှာ သတင်းစာအတွက် မကြာမီက ဂျေဒေးရေးခဲ့သော အကြောင်းအရာများကို စစ်ဆေးနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂျေဒေးလုပ်ကြံခံရမှုကြောင့် ၎င်းတို့အားလုံး တုန်လှုပ်သွားကြကြောင်း၊ မည်သည့်အတွက်ကြောင့် မည်သို့ဖြစ်ခဲ့ရသည်ကိုပြောရန်မှာ စောလွန်းကြောင်း၊ နောက်ဆုံး သူရေးသားနေသည့်သတင်းမှာ မည်သူ့ကို မကျေမနပ်ဖြစ်စေသည်ကို မသိရသေးကြောင်း စာတည်းဆာချင်ကားလ်ဘတ်၏ ပြောကြားချက်ကိုကိုးကား၍ ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

ဒေးသည် မစ်ဒေးသတင်းစာတွင် မလုပ်မီက ဟိန္ဒူစတန်တိုင်း(မ်)နှင့် အင်ဒီယန်းအိတ်စ်ပရက် သတင်းစာများအတွက် သတင်းထောက်တစ်ဦးအနေဖြင့် သတင်းများ ရေးသားပေးပို့နေခဲ့သည်မှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်သည်။ နောက်တက်လူငယ်များက သူ့ကို မှုခင်းသတင်းဆရာကြီးအဖြစ် လေးစားကြသည်။ **အေပီ။**

လုပ်ကြံခံရသည့်သတင်းစာဆရာဂျေဒေး။(ဓာတ်ပုံ-အင်တာနက်)

ချူကလီးယား ဖျက်သိမ်းရေး အီရန်က ညီလာခံကျင်းပမည်ဟုဆို

တီဟီရန် ဇွန် ၁၂

အီရန်သည် နျူကလီးယားဖျက်သိမ်းရေးဆိုင်ရာ ညီလာခံတစ်ရပ်ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ ညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အစ္စရေး၏ နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများက မသိကျိုးကျွန်ပြုနေမှုကို ထုတ်ဖော်ပြသနိုင်ရန်ဖြစ်ကြောင်း ပရက်စ်တီဗွီက ဇွန် ၁၁ ရက်တွင် ရေးသားဖော်ပြသည်။

နိုင်ငံတကာလက်နက်ဖျက်သိမ်းရေးညီလာခံ၏ သဘာပတိအဖြစ် အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး မက်ဒီအက်ခေါင်ဇာဒက်က ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ညီလာခံတွင် အစ္စရေး၏ နျူကလီးယားဆိုင်ရာ မူဝါဒကိုအလေးအနက်ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း ပရက်စ်တီဗွီကဖော်ပြသည်။

ဖိအားပေးနေ

အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများက နျူကလီးယားလက်နက် မရှိသည့် အီရန်ကဲ့သို့သော နိုင်ငံများအပေါ် ဖိအားပေးမှုပြုလုပ်နေကြောင်း၊ သို့ရာတွင် အရှေ့အလယ်ပိုင်းဒေသ၌ အစ္စရေးက နျူကလီးယားလက်နက်ဖြင့် ခြိမ်းခြောက်နေမှုများကိုမူ အနောက်အုပ်စုက လျစ်လျူရှုထားကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အီရန်၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး နျူကလီးယားစွမ်းအင်ကို အရပ်ဘက်၌ အသုံးပြုရန် ရည်မှန်းကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံသည် လက်နက်များ ထုတ်လုပ်ရန် နျူကလီးယားနည်းပညာကို အသုံးပြုနေသည်ဟု အနောက်အုပ်စုကစွပ်စွဲကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားမပြန့်ပွားရေးစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ကြောင်း၊ အစ္စရေးမှာမူ အဆိုပါစာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဗုံးခွဲတိုက်ခိုက်၊ ၂၁ ဦး သေဆုံး

ကဘူး ဇွန် ၁၂

၂၀၀၇ ခုနှစ်မှစ၍တွက်လျှင် မေလသည် အာဖဂန်အရပ်သားများ သေဆုံးမှုအများဆုံးလဖြစ်ကြောင်း ကုလသမဂ္ဂက အစီရင်ခံစာတစ်စောင် ထုတ်ပြန်စဉ်မှာပင် စနေနေ့၌ အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၂၁ ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုများအနက် အဆိုးရွားဆုံးမှာ နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ် ခတ်ဒက်(ဇ်)တွင် ဘုရားဖူးထွက်ခွာလာကြသော ၁၆ ဦးပါ မိသားစုတစ်စုလုံး လမ်းဘေးဗုံးပေါက်ကွဲခြင်းကြောင့် သေဆုံးခဲ့ရသော ဖြစ်စဉ် ဖြစ်သည်။

ဘတ်စ်ကားငယ်တစ်စီးဖြင့် ခရီးထွက်လာသော မိသားစုတွင် ကလေးရှစ်ဦး၊ အမျိုးသမီးငါးဦးနှင့် အမျိုးသား သုံးဦးတို့ ပါဝင်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲ အဗ္ဗဒူလ် ရာဇစ်က ပြောသည်။

ယင်းဗုံးသည် နေတိုးတပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား၍ တာလီဘန်တို့ ထောင်ထားခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

အရှေ့ပိုင်းပြည်နယ် ခို့စ်ရှိ ရှိုင်ကာလီနယ်မြေမှ ဒေသဆိုင်ရာရဲတပ်ဖွဲ့ဌာနချုပ်ရှေ့တွင် အသေခံဗုံးခွဲသမား တစ်ဦးက ဗုံးဖောက်ခွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် ကလေးတစ်ဦး သေဆုံးခဲ့ကြောင်း ယင်းပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲက ပြောသည်။

သေဆုံးသူလေးဦးအနက် ဒေသဆိုင်ရာရဲအရာရှိ တစ်ဦးပါဝင်ရာ ၎င်းအားပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းဟုတ်၊မဟုတ်ဆိုသည်မှာ ချက်ချင်းရှင်းလင်းစွာ မသိရသေးဟု ဆိုသည်။ ပြည်နယ်ကျန်းမာရေး ညွှန်ကြားရေးမှူးက ဒဏ်ရာရရှိသူ ၂၅ ဦးရှိသည်ဟု ပြောသည်။

အလယ်ပိုင်းပြည်နယ် ဂါဇနီတွင် အသေခံဗုံးခွဲသူတစ်ဦးက ရေခဲမုန့်တွန်းလှည်းတစ်စီး အသုံးပြု၍ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ကလေးတစ်ဦးသေဆုံး၍ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲအရာရှိက ပြောသည်။

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများကို ရှုတ်ချခဲ့သည်။ **အေပီ။**

ဂင်းနစ်ကမ္ဘာ့မှတ်တမ်းမှ ကိုယ်စားလှယ်က ၎င်းအရပ်ကိုတိုင်းနေခြင်းအား ဂျန်ရိုင်းဘာလာဝန်းက ပြုံးရွှင်စွာ ခံယူနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရပ်နှစ်ပေမပြည့်သည့် ဖိလစ်ပိုင်လူပုလေး ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ်မှတ်တမ်းဝင်

စင်ဒါဂန်(ဖိလစ်ပိုင်) ဇွန် ၁၂

အရပ် ၆၀ စင်တီမီတာ (နှစ်ပေမပြည့်)သာရှည်သည့် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးကို ကမ္ဘာ့အရပ်အပုဆုံး လူသားအဖြစ် ဂင်းနစ်ကမ္ဘာ့မှတ်တမ်းက တနင်္ဂနွေနေ့တွင် ကြေညာလိုက်သည်။ ကမ္ဘာ့အရပ်အပုဆုံးလူသား၏ ဖခင်မှာ ဆင်းရဲသား ပန်းပဲဆရာတစ်ဦးဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း စင်ဒန်ဂန်မြို့တွင် လူပုလေး ဂျန်ရိုင်းဘာလာဝန်းအား အဆိုပါဘွဲ့ထူးကို အပ်နှင်းခဲ့သည်။

သတင်းသမားများနှင့် ရွာသူရွာသား ၁၀၀ခန့် တက်ရောက်သည့် မြို့တော်ခန်းမ၌ကျင်းပသော အခမ်းအနားတွင် ဘာလာဝန်း၏အရပ်ကိုတိုင်းရာ ၆၀ စင်တီမီတာ (၂၃ ဒသမ ၅ လက်မ)ရှိသည်။

မှတ်တမ်းပေးအပ်

ဂင်းနစ်ကမ္ဘာ့မှတ်တမ်း၏ကိုယ်စားလှယ် စရစ်ဂလင်းဒေးက ၎င်းအား ကမ္ဘာ့အရပ်အပုဆုံး လူသားအဖြစ် တရားဝင် အသိအမှတ်ပြုသည့်မှတ်တမ်းကို ပေးအပ်သည်။ ဘောင်သွင်းထားသည့် ယင်းမှတ်တမ်းသည် မတ်တတ်ရပ်နေသည့် ဘာလာဝန်း၏ နားရွက်နားအထိရောက်သည်။

အဆိုပါဘွဲ့ထူးကို ၆၇ စင်တီမီတာ (၂၆ ဒသမ ၄ လက်မ)ရှိသည့် နီပေါလူမျိုး ခါဂျင်ဒရာသာပါမာဂါထံမှ ဘာလာဝန်းက လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။

ဂင်းနစ်ကမ္ဘာ့မှတ်တမ်းက အသိအမှတ်ပြု မှတ်တမ်းကတ်ပြားပေးအပ်သည်မှလွဲ၍ မည်သည့်ငွေကြေးမျှ ချီးမြှင့်ခြင်းမရှိပေ။ သို့သော် ဂလင်းဒေးက ဘာလာဝန်းသည် ကမ္ဘာတစ်ဝန်း လူသိများ ကျော်ကြားသွားပြီဖြစ်ရာ လက်ဆောင်ပဏ္ဏာများ၊ အလှူငွေများနှင့် အထူးသဖြင့် ၎င်း၏ကျန်းမာရေးအတွက် ဆေးဝါးအထောက်အပံ့များရမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။ **အေအက်ဖ်ပီ။**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ပင်လယ်နက်သို့ ရောက်ရှိနေသော အမေရိကန်စစ်သင်္ဘောအရေး ရုရှားစိုးရိမ်မကင်းဖြစ်

အမေရိကန်ရေတပ်၏ ဒုံးကျည်ကာကွယ်ရေးစနစ် တပ်ဆင်ထားသော ခရူဆာစစ်သင်္ဘော ယူအက်စ်အက်စ် မွန်ထရေး။

မော်စကို ဇွန် ၁၂

ရုရှားနိုင်ငံ ကမ်းလွန်ရေပြင် ပင်လယ်နက်ဒေသအတွင်း ဒုံးကျည်ကာကွယ်ရေးစနစ်များ တပ်ဆင်ထားသော အမေရိကန်ရေတပ် ခရူဆာစစ်သင်္ဘောတစ်စင်းရောက်ရှိနေခြင်းအတွက် စိုးရိမ်မကင်းဖြစ်မိကြောင်း ရုရှားနိုင်ငံက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)နှင့် ယူကရိန်းနိုင်ငံတို့က လုပ်ဆောင်သည့် နှစ်စဉ်ပူးတွဲစစ်ရေး လေ့ကျင့်မှု၌ ပါဝင်လျက်ရှိသော ပဲ့ထိန်းဒုံးကျည်တင်သင်္ဘော ယူအက်စ်အက်စ် မွန်ထရေးသည် ဥရောပတိုက်တွင် ဒုံးကျည်ကာကွယ်ရေးတံတိုင်း တည်ဆောက်မည့် အမေရိကန်ပြည်ထောင်စု၏ စီမံကိန်း၌ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သည်။

ယူကရိန်းနှင့် နေတိုးအဖွဲ့တို့ ပူးတွဲလုပ်ဆောင်သော ပင်လယ်လေညင်း ၂၀၁၁ စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ရန် အေးဂျစ်ဒုံးကျည် ကာကွယ်ရေးစနစ် တပ်ဆင်ထားသည့် အမေရိကန်စစ်သင်္ဘော ယူအက်စ်အက်စ်မွန်ထရေး ပင်လယ်နက်ဒေသသို့ ရောက်ရှိလာခြင်းသည် အမျိုးမျိုးတွေးဆဖွယ်ရာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ရုရှားနိုင်ငံ၏ ပိုင်နက်နယ်နိမိတ်ဝန်းကျင်ပတ်လည်၌ အမေရိကန်ပြည်ထောင်စုက စစ်ရေးအရ အခြေခံအဆောက်အအုံများတည်ဆောက်လာမှုမှန်သမျှကို မိမိတို့အခါမလပ် စောင့်ကြည့်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ရုရှားနိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများအကြား ဥရောပဒုံးကျည်ကာကွယ်ရေးတံတိုင်း တည်ဆောက်မှုနှင့် ပတ်သက်၍ ညှိနှိုင်းမရဖြစ်နေချိန်၌ ပင်လယ်နက်ရေပြင်အတွင်း ရောက်ရှိနေသော အမေရိကန်စစ်သင်္ဘောနှင့် ပတ်သက်၍ ရုရှား၏ ကန့်ကွက်မှုပေါ်ထွက်လာခြင်းဖြစ်သည်။ ***အင်တာနက်။***

အင်္ဂါဂြိုဟ်ခရီးစဉ် ပုံစံတူစမ်းသပ်မှု လုပ်ဆောင်လျက်ရှိသော ရုရှားနိုင်ငံ မော်စကိုမြို့အနီးရှိ မားစ်-၅၀၀ သုတေသနစခန်း။

အင်္ဂါဂြိုဟ်ခရီးစဉ်ပုံစံတူစမ်းသပ်မှု တစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်

မော်စကို ဇွန် ၁၂

ရက်ပေါင်း ၅၀၀ ကြာ အင်္ဂါဂြိုဟ်ခရီးစဉ် သဏ္ဌာန်တူ စမ်းသပ်မှုကို ရုရှားနိုင်ငံ၌ လုပ်ဆောင်လျက်ရှိသည်မှာ ယခုဆိုလျှင် တစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်ကြောင်း ဇွန် ၁၁ ရက် သတင်းများတွင် ဖော်ပြသည်။

အင်္ဂါဂြိုဟ်ခရီးစဉ်ပုံစံတူစမ်းသပ်မှုတွင် အာကာသယာဉ်မှူးများအဖြစ် ပါဝင်သူခြောက်ဦးတို့သည် ရုရှားနိုင်ငံ မော်စကိုမြို့တော်အနီး တည်ဆောက်ထားသော အာကာသယာဉ်အတုတစ်စင်းထဲ၌ ရက်ပေါင်း ၅၀၀ ကြာ ပြင်ပလောကနှင့် အဆက်အသွယ်ဖြတ်၍ ၎င်းတို့ချည်းသက်သက်သာ နေထိုင်ကြရမည်ဖြစ်သည်။ အင်္ဂါဂြိုဟ်သို့ အမှန်တကယ်သွားရောက်ကြမည့် အနာဂတ် အာကာသယာဉ်မှူးများကို ကြိုတင်ပြင်ဆင်ပေးရန် မျှော်လင့်ချက်ဖြင့် အင်္ဂါဂြိုဟ်ခရီးစဉ်ပုံစံတူ စမ်းသပ်မှုကို လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာမြေအပြန်ခရီး

မားစ် ၅၀၀ စီမံချက်ခေါ် အင်္ဂါဂြိုဟ်ခရီးစဉ်ပုံစံတူစမ်းသပ်မှုကို ၂၀၁၀ ခုနှစ် ဇွန် ၃ ရက်က စတင်ခဲ့သည်။ စမ်းသပ်မှုတွင်ပါဝင်သူ ခြောက်ဦးတို့သည် ကမ္ဘာမြေမှ တစ်ဖဝါးမှ ခွာရသေးခြင်းမရှိသော်လည်း အင်္ဂါဂြိုဟ်ခရီးစဉ်အချိန်ဇယားအရ ၎င်းတို့သည် အင်္ဂါဂြိုဟ်သို့ရောက်ရှိပြီး၍ ကမ္ဘာမြေအပြန်ခရီးနှင်နေသည့်ကာလဖြစ်သည်။

အာကာသယာဉ်မှူးများအဖြစ် အင်္ဂါဂြိုဟ်ခရီးစဉ်ပုံစံတူ စမ်းသပ်မှု၌ ပါဝင်သူများသည် ဇရာမခန်းမကျယ်ကြီးအတွင်း တည်ဆောက်ထားသော အင်္ဂါဂြိုဟ်မြေမျက်နှာပြင်အတုပေါ် ဆင်းသက်လေ့လာမှုသုံးကြိမ်လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

မားစ် ၅၀၀ စီမံကိန်းကို ဥရောပ အာကာသအေဂျင်စီ၊ ရုရှားနှင့် တရုတ်နိုင်ငံတို့က စီမံကွပ်ကဲထားခြင်းဖြစ်ပြီး အာကာသယာဉ်မှူးများအဖြစ် ပါဝင်သူခြောက်ဦးတို့သည် ရုရှား၊ ဥရောပနှင့် တရုတ်တို့မှ ဖြစ်ကြသည်။ ***အင်တာနက်။***

နိုင်ငံတကာအစိုးရအဖွဲ့များ၏ ထိပ်တန်းတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ဘေးလ်ဒါးဘတ်ဂ် ၂၀၁၁ လျှို့ဝှက်ညီလာခံကို ဆွစ်ဇာလန် အပန်းအပြေစခန်း၌ ပြုလုပ်

ဘန်း ဇွန် ၁၂ - နိုင်ငံတကာအစိုးရအဖွဲ့များမှ ထိပ်တန်းတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းစုကြီးများမှ အမှုဆောင်များသည် ဆွစ်ဇာလန်နိုင်ငံ စိန့်မိုးရစ်ဇ် အပန်းဖြေစခန်း၌ ယခုရက်သတ္တပတ်ကုန်ပိုင်းအတွင်း လျှို့ဝှက်တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

တနင်္ဂနွေနေ့တွင် ပြီးဆုံးခဲ့သော ဘေးလ်ဒါးဘတ်ဂ် နှစ်စဉ်ညီလာခံအမည်ရှိ အဆိုပါအစည်းအဝေး၌ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် တရုတ်နိုင်ငံတို့၏ ဒီမိုကရေစီ၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသော ကဏ္ဍများတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဘေးလ်ဒါးဘတ်ဂ် နှစ်စဉ်ညီလာခံသို့ ဥရောပ၊ မြောက်အမေရိကနှင့် အခြားနိုင်ငံများမှ ဖိတ်ကြားခံရသူ ၁၃၀ တို့ တက်ရောက်ခဲ့ပြီး ဥရောပသမဂ္ဂဥက္ကဋ္ဌ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျားနှင့် ဂူဂဲလ်အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း အမှုဆောင်ဥက္ကဋ္ဌ စသည်တို့လည်း တက်ရောက်ခဲ့ကြသည်။

လက်ရွေးစင်ရွေးဖိတ်၍ လျှို့ဝှက်ဆွေးနွေးခဲ့ကြသော ဘေးလ်ဒါးဘတ်ဂ် နှစ်စဉ်ညီလာခံသို့ မည်သည့်သတင်းသမားမျှ တက်ရောက်ခွင့်မရှိသလို ဆွေးနွေးပွဲနှင့်ပတ်သက်၍ သတင်းထုတ်ပြန်လေ့လည်း မရှိပေ။ ဘေးလ်ဒါးဘတ်ဂ် အုပ်စုဝင်များကို တရားဝင်မဟုတ်သော ကမ္ဘာ့အစိုးရအဖွဲ့အဖြစ် စိတ်ကူးသံသယဝါဒီများက သတ်မှတ်ယူဆကြသည်။ ၂၀၁၁ ခုနှစ် ဘေးလ်ဒါးဘတ်ဂ် ညီလာခံကို အယ်လ်ပိုင်းတောင်တန်းဒေသ ဇိမ်ခံဟိုတယ်တစ်လုံး၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပုဂ္ဂလိကလုံခြုံရေးအစောင့်များဖြင့် အကာအကွယ်ယူထားရာ လက်ဝဲယိမ်းဝါဒီများက ဇွန် ၁၁ ရက်တွင် ကန့်ကွက်ခဲ့ကြသည်။ ***အင်တာနက်။***

ကမ္ဘာ့သွေးလှူရှင်များနေ့

၂၀၁၁ ခုနှစ် ဇွန်လ(၁၄)ရက်နေ့

"အသက်ပေါင်းများစွာကယ်တင်ဖို့ ပိုမိုသွေးလှူကြပါစို့"

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း — အောင်ဝမ်းစိုး

ဩဂုတ်လတွင် ဂျပန်သို့ခြေဆန့်ကြမည့် ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့များ

ယနေ့ကာလ၌ ကိုရီးယားပေါ့ပ်တေးဂီတသည် ကမ္ဘာ့ဂီတလောကတွင် နေရာတစ်ခုရလာရုံမျှမက တဖြည်းဖြည်း နယ်ပယ် ကျယ်ဝန်းလာပြီဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင်လည်း ပေါ့ပ်တေးဂီတကို အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့စသည်ဖြင့် ပေါ့ပ်ဂီတသမားများ တဖြည်းဖြည်းပိုမိုများလာသကဲ့သို့ ပြည်ပသို့သွားရောက်ဖျော်ဖြေသည့် ခရီးစဉ်များလည်း ပိုမိုများပြားလာလျက်ရှိသည်။

*၎င်းတို့အနက် ယခုတစ်ဖန် ကိုရီးယားလှပျိုဖြူလေးများဖြင့် စုဖွဲ့ထားသည့် ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့ Secret **(အောက်ပုံ)**နှင့် ကိုရီးယားလူငယ်ပေါ့ပ်တေးဂီတအဖွဲ့ U-Kiss **(အပေါ်ယာပုံ)** တို့သည်လည်း လာမည့်ဩဂုတ်လတွင် ဂျပန်နိုင်ငံသို့ သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း ၎င်းတို့၏ အေဂျင်စီများက ထုတ်ပြန်ကြေညာသည်။*

Secret ပေါ့ပ်တေးဂီတအဖွဲ့သည် ယင်းအဖွဲ့၏ ဂျပန်နိုင်ငံသို့ ပထမဆုံး သွားရောက်ဖျော်ဖြေမည့် ခရီးစဉ်ကို ၎င်းတို့၏ ပထမဆုံးဂျပန်တေးအယ်လ်ဘမ်နှင့်အတူ ဩဂုတ်လ ၁၃ရက်တွင် သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း ယင်းအဖွဲ့၏ ဂျပန်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

Secret ပေါ့ပ်တေးဂီတအဖွဲ့ကို အဖွဲ့ဝင်လေးဦးဖြစ်သည့် ဂျန်ဟိုဆောင်း၊ ဟန်ဆန်ဟွာ၊ ဆောင်ဂျီအန်နှင့် ဇင်ဂါတို့က ၂၀၀၉ ခုနှစ် အောက်တိုဘာတွင်စတင်ဖွဲ့စည်းခဲ့ပြီး I Want You Back တေးအယ်လ်ဘမ်နှင့်အတူ အခြားတေးသီချင်းများဖြစ်သည့် Magic, Madonna, Shy Boy သီချင်းများကိုလည်း ရေးဖွဲ့သီဆိုခဲ့ကြသည်။

ယင်းအဖွဲ့သည် ယခုလောလောဆယ် ဇွန်လပထမပတ်က ဖြန့်ချိခဲ့သော အချစ်နှင့်အိမ်ကို လွမ်းဆွတ်တမ်းတနေသည့် အကြောင်းများ ရေးဖွဲ့သီဆိုထားသော ၎င်းတို့၏ ဒုတိယမြောက်တေး အယ်လ်ဘမ်ဖြစ်သည့် Moonlight Starlight တေးအယ်လ်ဘမ်ကို အရောင်းမြှင့်တင်ရေး ပြုလုပ်လျက်ရှိသည်။

ကိုရီးယားလူငယ်ခုနစ်ဦးဖြင့် စုပေါင်းဖွဲ့စည်းထားသည့် U-Kiss ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့သည်လည်း ၎င်းတို့၏ ပထမဆုံး ဂျပန်နိုင်ငံသို့ သွားရောက်ဖျော်ဖြေမည့် ခရီးစဉ်ကို ဩဂုတ် ၂၄ ရက်တွင် သတ်မှတ်ထားပြီး ယင်းခရီးစဉ်တွင် ယင်းအဖွဲ့၏ နောက်ဆုံးထွက်ရှိခဲ့သော Bran New Kiss တေးအယ်လ်ဘမ်ကို ဂျပန်နိုင်ငံတွင် ဖြန့်ချိခွင့်နှင့် ဖျော်ဖြေပွဲကို စီမံပေးရန် ဂျပန်ဖျော်ဖြေရေးကုမ္ပဏီ AVEX နှင့် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း U-Kiss ပေါ့ပ်တေးဂီတအဖွဲ့၏ အေဂျင်စီ NH က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာသည်။

ယင်းအဖွဲ့သည် ဂျပန်နိုင်ငံသို့ သွားရောက်ဖျော်ဖြေမည့် ခရီးစဉ်အတွက် ယခုလကတည်းက ပြင်ဆင်သွားမည်ဖြစ်သကဲ့သို့ လာမည့်တေးအယ်လ်ဘမ်အတွက် ရုပ်သံပြပွဲများနှင့်အတူ အရောင်းမြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း NH အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

U-Kiss ပေါ့ပ်တေးဂီတအဖွဲ့သည် ၎င်းတို့၏ ပထမဆုံးဂျပန်တေးအယ်လ်ဘမ်ကို လာမည့်ဒီဇင်ဘာတွင် ထုတ်လုပ်ပြီး နောက်နှစ်အတွင်း ဂျပန်နိုင်ငံတစ်ဝန်း ဂီတဖျော်ဖြေပွဲများ လှည့်လည်ဖျော်ဖြေမည်ဖြစ်ကြောင်း ယင်းပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

U-Kiss ဆိုသည်မှာ Ubiquitous Korean International Super Star ဖြစ်ပြီး နေရာတိုင်းမှာ တွေ့ရသော နိုင်ငံတကာနာမည်ကျော် ကိုရီးယားကြယ်ပွင့်များဟု အဓိပ္ပာယ်ရရှိသည်။ ယင်းအဖွဲ့ကို ၂၀၀၈ ခုနှစ် စက်တင်ဘာတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ပထမဆုံး တေးအယ်လ်ဘမ်မှာ New Generation တေးအယ်လ်ဘမ်ဖြစ်သည်။ ယင်းအဖွဲ့၏ Shut Up,Mamanhani, Round and Round တေးသီချင်းများမှာ နာမည်ကျော်လူကြိုက်များခဲ့သည်။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၂၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၃၀ ၉။ "မီးမီးရဲ့ဆုံးဖြတ်ချက်"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (စီးပွားရေး ပညာ၊ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်
- ၅း၁၀ ၆။ ရှင်သန်ထက်မြက်ရေးတေးများ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅း၂၅ ၇။ မြန်မာစာ မြန်မာစကား
- ၅း၃၅ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၃၉)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၅)**
- ၁၈။ အစီအစဉ်ပြီး၏။

သဘာဝဘေးဒဏ် ကြံ့ကြံ့ခံ၊ ဘေးရန်လျှော့ထား အသင်လူသား

စွမ်းထက်စွမ်း (ကယ်ဆယ်ရေး)

၂၀၁၁ ခုနှစ် မေလ ၁၀ ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်မှာ ပြုလုပ်ခဲ့တဲ့ ဘေးအန္တရာယ်လျှော့ချရေး တတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲမှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ပြောကြားတဲ့ မိန့်ခွန်းအနှစ်ချုပ်ကိုကြည့်ရင် ဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းများ တိုးတက်စေနိုင်ဖို့ ပထမအချက်အနေနဲ့ ကျွန်ုပ်တို့၏အားထုတ်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ရမယ်၊ ဒုတိယအချက်အနေနဲ့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရမယ်၊ တတိယအချက်မှာတော့ ဘေးအန္တရာယ်ကင်းဝေးသော တိုးတက်မှုကို တည်ဆောက်ရမယ်လို့ မြင်တွေ့ရပါတယ်။ ဆိုလိုတာကတော့ တိုးတက်မှုအတွက် လုပ်ပြီဆိုတာနဲ့ ဘေးအန္တရာယ်လျှော့ချမှုကိုပါ ထည့်သွင်းစဉ်းစားပြီး ပြိုင်တူလုပ်ကြရမယ်၊ ပူးပေါင်းဆောင်ရွက်ကြရမယ်။ သဘာဝဘေးအန္တရာယ်လျှော့ချရေးကို အရှိန်အဟုန်မြှင့်ကြရတော့မယ်လို့ သတိပေးလိုက်တာပါ။ တစ်နည်းအားဖြင့်တော့ ပိုမိုဘေးကင်းကောင်းမွန်တဲ့ကမ္ဘာတစ်ခုတည်ဆောက်နိုင်ဖို့ ကမ္ဘာ့နိုင်ငံအားလုံးက ခေါင်းဆောင်တွေ၊ တိုင်းသူပြည်သူတွေအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမယ်လို့ နှိုးဆော်တိုက်တွန်းလိုက်တာပါပဲ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က တရားဝင်ထုတ်ပြန်ထားတဲ့ မှတ်တမ်းစာရင်းများအရ ၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း သဘာဝဘေး ၃၃၅ ကြိမ်ဖြစ်ခဲ့ပြီး လူပေါင်း ၁၀၆၅၅ ဦး သေဆုံးခဲ့ရုံသာမက သဘာဝဘေးဒဏ် ခံစားရသူ ၁၁၉ သန်းကျော် ရှိခဲ့ပါတယ်။ စီးပွားရေးအရ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၃ ဘီလီယံအထိ ဆုံးရှုံးခဲ့ရပါတယ်။ ၂၀၁၀ ခုနှစ်မှာလည်း ကမ္ဘာအနှံ့ သဘာဝဘေးအမျိုးမျိုးခံစားခဲ့ရပြီး ထူးခြားဖြစ်စဉ်အနေနဲ့ ဟေတီငလျင်၊ အိုက်စလန်ကျွန်းမီးတောင်ပြာများလွင့်ခြင်း၊ ပါကစ္စတန်ရေဘေး၊ တရုတ်ရေဘေးနဲ့ မြေပြိုခြင်း စတာတွေကို တွေ့ရပါတယ်။

ကမ္ဘာ့မှတ်တမ်းများအရ ၂၀၁၀ ခုနှစ် တစ်နှစ်လုံးမှာ သဘာဝဘေးအန္တရာယ် ၃၈၅ ကြိမ်တောင်မှ ဖြစ်တာဆိုတော့ ၂၀၀၉ ခုနှစ်ကထက် အကြိမ် ၅၀ ပိုလာတာ တွေ့ရမှာပါ။ ဖြစ်ပွားတဲ့အကြိမ်များပြီဆိုတာနဲ့ သေဆုံးသူလူဦးရေကလည်း ၂၉၇၀၀၀ ကျော်ထိအောင်ကို မြင့်လာခဲ့ပါတယ်။ ဘေးဒဏ်ခံစားရသူ ၂၁၇ သန်းကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၉ ဘီလီယံထိ ဆုံးရှုံးခဲ့ရတာပါ။ ထိခိုက်ဆုံးရှုံးမှုတွေဟာ ကြောက်ခမန်းလိလိကို များလာတာ အထင်အရှားမြင်နေရပါပြီ။ ၂၀၁၁ ခုနှစ်မှာတော့ ဂျပန်နိုင်ငံ ငလျင်ဘေးက လူပေါင်း ၁၄၀၀၀ ကျော် သေဆုံးခဲ့ရပြန်တယ်။ အင်အား ရစ်ချ်တာစကေး ၉ ရှိတယ်လေ။ အဲဒီ ဂျပန်ငလျင်ရဲ့နောက်ဆက်တွဲဖြစ်တဲ့ ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုပြဿနာကိုလည်း ကိုင်တွယ်ဖြေရှင်းနေရတုန်းပါပဲ။

ဒါကြောင့် နှစ်စဉ် အောက်တိုဘာလ ဒုတိယပတ်ရဲ့ ဗုဒ္ဓဟူးနေ့တွေကို "အပြည်ပြည်ဆိုင်ရာသဘာဝဘေး လျှော့ချရေးနေ့" အဖြစ် သတ်မှတ်ပြီး တစ်ကမ္ဘာလုံးက အစိုးရတွေနဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ အပါအဝင် လူသားထုတစ်ရပ်လုံး သဘာဝဘေးလျှော့ချရေးနဲ့စပ်ဆိုင်တဲ့ လှုပ်ရှားမှုတွေပြုလုပ်ကြဖို့ ၁၉၈၉ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်နေ့မှာ ကျင်းပတဲ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက တိုက်တွန်းထားပါတယ်။ နိုင်ငံတော်အစိုးရက အပြည်ပြည်ဆိုင်ရာသဘာဝဘေး လျှော့ချရေးနေ့ လှုပ်ရှားမှုအခမ်းအနား၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ဆွေးနွေးပွဲများကို သတ်မှတ်ရက်အတိုင်း နှစ်စဉ်တက်တက်ကြွကြွ ကျင်းပလျက်ရှိပါတယ်။

ဒါကြောင့် သဘာဝဘေးနဲ့ပတ်သက်လို့ သိထားသင့်တဲ့အချက်တွေကို ပြည်သူလူထုထံတင်ပြလိုပါတယ်။ သဘာဝဘေးဆိုတာ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေးတို့ကို ခေါ်တာပါ။ လူတွေကြောင့်ဖြစ်တဲ့ ဘေးများကတော့ ယာဉ်မတော်တဆမှု၊ စက်ရုံအလုပ်ရုံပေါက်ကွဲမှုတို့ ပါဝင်ပါတယ်။ ကမ္ဘာပေါ်မှာဖြစ်ပွားလေ့ရှိတဲ့ ဘေးတွေမှာတော့ ရေ၊ ရာသီဥတုနဲ့ ဆက်နွှယ်မှုကြောင့် ဖြစ်တဲ့ဘေးအဖြစ် ရေဘေး၊ ဆိုင်ကလုန်းမုန်တိုင်း၊ လေဆင်နှာမောင်း၊ မိုးသီးမုန်တိုင်း၊ အပူလှိုင်း၊ အအေးလှိုင်း၊ ဆီးနှင်းများကျရောက်မှု၊ မိုးကြိုးမုန်တိုင်းနဲ့ မိုးခေါင်ရေရှားတို့ ဖြစ်ပါတယ်။ ဘူမိဆိုင်ရာဘေးအဖြစ် မြေပြိုခြင်း၊ ရွှံ့နွံစီးဆင်းခြင်း၊ ငလျင်နဲ့ မီးလောင်မှုတို့ ပါဝင်ပါတယ်။ ဇီဝဆိုင်ရာဘေးမှာတော့ ဇီဝဘေးအန္တရာယ်နဲ့ ကူးစက်ရောဂါ၊ ပိုးမွှားအန္တရာယ်၊ တိရစ္ဆာန်ကူးစက်ရောဂါတို့ ဖြစ်ပါတယ်။ ဓာတု၊ စက်မှုနှင့် အဏုမြူအန္တရာယ်မှာတော့ ဓာတုပစ္စည်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်၊ အဏုမြူအန္တရာယ်တို့ ပါဝင်ကြပါတယ်။

သဘာဝဘေးမှာ ပါဝင်နေတဲ့ မတော်တဆမှုမှာတော့ လောင်စာဆီယိုဖိတ်မှု၊ အဆောက်အအုံပြိုကျမှု၊ ဗုံးပေါက်ကွဲမှု၊ လျှပ်စစ်ဆိုင်ရာအန္တရာယ်နဲ့ မီးလောင်မှု၊ ရေလမ်းကုန်းလမ်းနဲ့ မီးရထားလမ်းဆိုင်ရာ မတော်တဆမှု၊ လေ့သင်္ဘောနစ်မြုပ်မှုတို့ ပါဝင်ကြပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပွားလေ့ရှိတဲ့ ဘေးအန္တရာယ်တွေမှာလည်း သဘာဝကြောင့်ဖြစ်တဲ့ဘေးနဲ့ လူကြောင့်ဖြစ်တဲ့ ဘေးလို့ နှစ်မျိုးခွဲနိုင်ပါတယ်။ အဲဒီမှာ ပါဝင်တာတွေက မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊မြေပြိုဘေး၊ မုန်တိုင်းဒီရေ၊ ဆူနာမီ၊ ယာဉ်မတော်တဆမှု၊ မိုးခေါင်ရေရှား၊ သောင်းကျန်းသူဘေး၊ ကပ်ရောဂါဘေးများ ဖြစ်ကြပါတယ်။ မှတ်တမ်းများအရ တစ်နိုင်ငံလုံး နှစ်စဉ်ဖြစ်ပွားတဲ့ ဘေးဒုက္ခတွေမှာ မီးဘေးဟာ ၇၃ ရာခိုင်နှုန်း၊ မုန်တိုင်းဘေးက ၁၂ ရာခိုင်နှုန်း၊ ရေဘေးက ၁၁ ရာခိုင်နှုန်းနဲ့ အခြားဘေးများက လေးရာခိုင်နှုန်းရှိနေတော့ မီးဘေးဖြစ်ပွားမှု အများဆုံးဆိုတာ ပေါ်လွင်နေပါတယ်။

မြန်မာနိုင်ငံအတွင်း ဒေသအလိုက်ကျရောက်တတ်တဲ့ ဘေးဒုက္ခတွေထဲမှာ မီးဘေးက နေရာဒေသအနှံ့အပြားဖြစ်နိုင်ခြေရှိပါတယ်။ အပူပိုင်းဇုန်တွေဖြစ်တဲ့ မန္တလေး၊ မကွေး၊ စစ်ကိုင်းစတဲ့ ဒေသကြီးတွေနဲ့ လူနေထူထပ်တဲ့ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးတွေမှာ ပိုလို့ဂရုပြုကြရပေမယ်။ ရေလွှမ်းမိုးခြင်းကျရောက်တတ်တဲ့ ဒေသတွေကတော့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းမြစ်တစ်လျှောက်နဲ့ သံလွင်မြစ်ရဲ့ တချို့နေရာတွေမှာပါ။ ဘင်္ဂလားပင်လယ်အော်နဲ့ ဆက်စပ်နေတဲ့ ရခိုင်၊ မွန်၊ ရန်ကုန်၊ တနင်္သာရီ၊ ဧရာဝတီတို့မှာတော့ မုန်တိုင်းဘေးသာမက ဆူနာမီအန္တရာယ်ပါ ကျရောက်နိုင်ခြေရှိပါတယ်။ ငလျင်ဘေးကတော့ တနင်္သာရီတိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ ကျရောက်တတ်ပါတယ်။ မိုးခေါင်ရေရှားဘေးကျရောက်တတ်တာကတော့ အပူပိုင်းဇုန်ဒေသတွေဖြစ်တဲ့ မန္တလေး၊ မကွေး၊ စစ်ကိုင်းစတဲ့ တိုင်းဒေသကြီးတွေပါ။ သတ္တုတူးဖော်ရေးလုပ်ငန်းရှိနေပြီး မြင့်မားတဲ့တောင်ကုန်းတောင်တန်းတွေရှိတဲ့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာတော့ မြေပြိုဘေးဆိုတာ ဖြစ်တတ်ပါတယ်။ ဒါပေမယ့် အတော်နည်းပါးတယ်လို့ ဆိုရမှာပါ။

၁၉၉၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝှမ်း သဘာဝဘေးဖြစ်ပွားမှုဟာ နှစ်ဆကျော်ပိုများလာပါတယ်။ အဲဒီလို များလာတာဟာ မြို့ရွာတွေ လူနေထူထပ်ခြင်း၊ သဘာဝဘေးဒဏ်ကြုံတွေ့နိုင်တဲ့နေရာတွေမှာ လူတွေနေထိုင်မှုများပြားလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း စတဲ့ အကြောင်းတရားပေါင်းများစွာ ပါဝင်နေပါတယ်။ ဒီလို သဘာဝဘေးကျရောက်မှုတွေ ပိုမိုဖြစ်ပေါ်နေပြီး ပျက်စီးဆုံးရှုံးမှုတွေ ပိုများလာတဲ့အတွက် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့ကျရေးနဲ့ သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းတွေဟာ နိုင်ငံတစ်နိုင်ငံချင်းအလိုက်ဖြစ်စေ၊ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေစုပေါင်းပြီးဖြစ်စေ ဆောင်ရွက်ရမယ့်လုပ်ငန်းများ ဖြစ်လာပါတယ်။

သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုတာ ဖြစ်ပေါ်လာတဲ့ သဘာဝဘေးဒဏ်ကို ကြိုတင်ပြင်ဆင်ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပျက်စီးဆုံးရှုံးမှုအနည်းဆုံး ဖြစ်အောင် လုပ်ဆောင်တဲ့နည်းလမ်းများပဲဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းများဟာ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်း၊ မြေယာအသုံးချမှုများ စနစ်တကျဆောင်ရွက်ခြင်း၊ အဆောက်အအုံဆောက်လုပ်ရာမှာ စံများသတ်မှတ်ခြင်း၊ ဘေးအန္တရာယ်အမျိုးမျိုးကို ဆန်းစစ်ခြင်းနဲ့ ကြိုတင်သတိပေးစနစ်များ ထူထောင်ထားခြင်း၊ ပြည်သူလူထုအတွင်း သဘာဝဘေးနဲ့ပတ်သက်တဲ့ အသိပညာဖြန့်ဖြူးခြင်း၊ ပညာပေးအစီအမံများ ဆောင်ရွက်ခြင်းနဲ့ သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရန် မူဝါဒများချမှတ်ခြင်း၊ အသုံးစရိတ်သတ်မှတ်ခြင်း၊ စီမံခန့်ခွဲမှုစနစ်များထားရှိခြင်း စတာတွေ ပါဝင်ပါတယ်။

၂၀၁၀ ခုနှစ်အတွက် သဘာဝဘေးလျှော့ချရေးအဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်တဲ့ အစီအစဉ်ရဲ့ဆောင်ပုဒ်အဖြစ် "ကျွန်ုပ်တို့မြို့တော် အသင့်ဖြစ်ပြီ" (My City is Getting Ready)လို့ သတ်မှတ်ခဲ့ရတာကတော့ မြို့ပြတွေဟာ ကျေးလက်ဒေသတွေနဲ့ယှဉ်ရင် လူဦးရေများပြီး လူနေထူထပ်တာ၊ ကြံ့ခိုင်မှုအားနည်းတဲ့အထပ်မြင့်တိုက်တာတွေရှိနေတာ၊ နိုင်ငံပိုင်အဆောက်အအုံနဲ့ စီးပွားရေးလုပ်ငန်းတွေ အများအပြားရှိနေတာကြောင့် သဘာဝဘေးတစ်ခုအနေနဲ့ကြုံပြီဆိုတာနဲ့ လူအသေအပျောက်နဲ့ ပျက်စီးဆုံးရှုံးမှုတွေ များလို့ပါပဲ။

ဒါကြောင့် မြို့တော်များအနေနဲ့ သဘာဝဘေးကျရောက်ပြီဆိုရင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင်နဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး၊ အထိရောက်ဆုံး လုပ်ဆောင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားကြရမှာ ဖြစ်ပါတယ်။

သုတေသနပြုချက်တွေအရလည်း မြန်မာပြည်တစ်နံတစ်လျား ငလျင်ဖြစ်နိုင်ခြေရှိတဲ့နေရာတွေရှိနေတာမို့ နောင်များမှာ အဆောက်အအုံဆောက်ရင် သဘာဝဘေးဒဏ်တစ်ခုဖြစ်တဲ့ငလျင်ဒဏ်ခံနိုင်တဲ့ထိ ခိုင်မာမှုရှိတဲ့ အဆောက်အအုံတွေဆောက်ဖို့ သတိပေးနေပါပြီ။ သဘာဝဘေးဆိုတာကို တားဆီးလို့မရပေမယ့် နည်းပါးအောင် လျှော့ချနိုင်ပါတယ်။ ကြိုတင်ကာကွယ်မှု၊ ပြင်ဆင်မှုတွေ လုပ်ဖို့ဆိုတာ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေပူးပေါင်းဆောင်ရွက်ကြရမှာပါ။ တကယ်တော့ ကမ္ဘာ့ရွာဆိုတဲ့အတိုင်း တစ်နိုင်ငံတည်းကလုပ်လို့ မရပေဘူးပေါ့။ တစ်ကမ္ဘာလုံး လူသားတစ်ရပ်လုံး ဝိုင်းဝန်းဆောင်ရွက်ကြရမှာပါ။

တစ်နည်းအားဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းရမှာပါ။ စက်မှုဖွံ့ဖြိုးမှုရဲ့ ဘေးထွက်ဆိုးကျိုးတွေ နည်းနိုင်သမျှနည်းအောင် လုပ်ကြရမှာပါ။ ဒါဆိုရင် မိမိတစ်ဦးတည်း၊ တစ်နိုင်ငံတည်းရဲ့ ကြွယ်ဝချမ်းသာမှု၊ တိုးတက်မှုကို ရှေ့တန်းမတင်ဘဲ လူသားများနဲ့ သက်ရှိသက်မဲ့တို့အတွက် မှီခိုရန် ကမ္ဘာမြေကြီးကို ပြန်လည်စောင့်ရှောက်ပေးကြရမှာပါ။ နောက်တစ်နည်းပြောရရင်တော့ လူသားအားလုံးရဲ့ ကိုယ်စီအတ္တတွေကို လျှော့ချမှုကို ဖြစ်တော့မှာပါ။ ဒါကတော့ ကမ္ဘာနဲ့ချီပြီး ကမ္ဘာ့နိုင်ငံပေါင်းစုံက ခေါင်းဆောင်တွေ ပူးပေါင်းဆောင်ရွက်ကြရမယ့်အရေးပါ။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံဟာလည်း ကမ္ဘာ့ရွာထဲက မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပေတာမို့ နိုင်ငံတော်အဆင့်သာမက နိုင်ငံသားတိုင်းလိုက်နာရမယ့် သဘာဝပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြိုတင်ကာကွယ်ရေးကိစ္စရပ်တွေကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေခဲ့တာပါ။

မြန်မာနိုင်ငံမှာ ၂၀၀၄ ခုနှစ် ဆူနာမီဘေး၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဘေး၊ ၂၀၁၀ ခုနှစ် ရခိုင်ပြည်နယ် ရေကြီးမြေပြိုဘေးနဲ့ ဂီရိမုန်တိုင်းဘေး၊ ၂၀၁၁ ခုနှစ် တာလေငလျင်ဘေးဆိုတာတွေ ကြုံခဲ့ရပြီမို့ သဘာဝဘေးရဲ့ စိန်ခေါ်မှုကို လွန်ဆန်လို့မရခဲ့ပါဘူးဆိုတာ ထင်ရှားပါတယ်။ ဘေးဒဏ်ခံရပြီဆိုတာနဲ့ အရေးပေါ်တုံ့ပြန်မှုအတွက် ရေ၊ ရိက္ခာဆေးဝါး၊ နေစရာစီစဉ်ပေးရေး၊ ရှာဖွေကယ်ဆယ်ရေး၊ နေရာချထားရေး၊ ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ ရေရှည်သဘာဝဘေးလျှော့ချရေးတွေကို လုပ်ငန်းစဉ်အလိုက် စဉ်ဆက်မပြတ် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်နေဦးမှာပါ။

နိုင်ငံတော်အနေနဲ့ ၂၀၀၅ ခုနှစ်ကတည်းက အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဆိုတာ ဖွဲ့စည်းထားပြီးသားပါ။ ဒါ့အပြင် ဝန်ကြီးဌာနအသီးသီးက ဝန်ကြီးများ ဦးဆောင်တဲ့ ဆပ်ကော်မတီ ၁၀ ခုကိုလည်း ဖွဲ့ထားပါသေးတယ်။ သဘာဝဘေးအရွယ်အစားအလိုက် နိုင်ငံတော်အဆင့်သာမက တိုင်းဒေသကြီး/ပြည်နယ်အဆင့် သဘာဝဘေးကော်မတီအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းထားပါတယ်။ သဘာဝဘေးတစ်ခုဖြစ်ပြီဆိုတာနဲ့ နိုင်ငံတော်အပိုင်းရော ဒေသအာဏာပိုင်အပိုင်းပါ ပြည်သူတွေ၊ တပ်မတော်သားတွေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ စေတနာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးနဲ့အတူ မည်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းချက်မျှမပါဘဲ သဘာဝဘေးကို တွန်းလှန်နိုင်ဖို့၊ ဒဏ်ရာဒဏ်ချက်တွေကို ကုစားနိုင်ဖို့သာမက ရေရှည်မှာ ကြံ့ကြံ့ခံကာကွယ်နိုင်ဖို့ဆိုတဲ့ ဦးတည်ချက်တွေထားပြီး ဆောင်ရွက်ခဲ့ကြတာပါ။

လက်ရှိအစိုးရလက်ထက်မှာလည်း မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီတို့ကို အသစ်ပြင်ဆင်ဖွဲ့စည်းထားပြီး အစည်းအဝေးများခေါ်ယူညှိနှိုင်းကာ လိုအပ်တဲ့ကော်မတီများ ထပ်မံဖွဲ့စည်းခြင်း၊ စီမံချက်များ ရေးဆွဲခြင်း စတာတွေကို လုပ်ဆောင်နေပြီဖြစ်ပါတယ်။

တကယ်တော့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဆိုတဲ့ လောကကြီးသုံးပါးဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန်အမှီသဟဲပြုလို့ စကြဝဠာအတွင်း တည်နေကြတယ်ဆိုတာ ဗုဒ္ဓဝါဒအရရော ခေတ်မီသိပ္ပံနည်းအရရော လက်ခံကြပြီးသားပါ။ လောကသုံးပါး တစ်ခုနဲ့တစ်ခု သစ္စာရှိကြပါမှ ရေရှည်တည်တံ့နိုင်မယ်ဆိုတဲ့ အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ရမှာလေ။ ဒီနေ့ စက်မှုထွန်းကားမှုကြောင့် ဘေးထွက်ဆိုးကျိုးကတစ်ဆင့် ရိုက်ခတ်မှုတွေဟာ သတ္တလောက တစ်နည်းအားဖြင့် လူသားတွေရဲ့ သစ္စာဖောက်မှုကြီးပါ။

ပညာရှင်တွေပြောတဲ့ ကမ္ဘာကြီးကပေးနိုင်တာထက် အလွန်အကျွံသုံးစွဲမှုဒဏ်ကို ကမ္ဘာကြီးနဲ့ ဩကာသလောကကြီးက မခံနိုင်တော့ပါဘူးဆိုတဲ့ အသိပေးချက်တွေကို လျစ်လျူရှုဖို့မသင့်တော့တဲ့အခြေအနေကို ရောက်လို့နေပါပြီ။ ဒီနေ့ ကမ္ဘာလောကကြီးက တုံ့ပြန်လာမယ့် ဘေးဒဏ်အမျိုးမျိုးကို ကြံ့ကြံ့ခံနိုင်ဖို့ကတော့ ကြိုတင်ပြင်ဆင်မှုလုပ်နိုင်ပါမှ ဘေးဒုက္ခတွေကို လျှော့ချနိုင်မယ်ဆိုတာ လက်ခံရပေမယ်။ နောက်တစ်ဆင့်မှာ ပျက်ယွင်းသွားတဲ့ သဘာဝပတ်ဝန်းကျင်လောကနိယာမအစဉ်ကြီးကို ပုံမှန်အတိုင်း ဖြစ်စေဖို့ လုပ်ဆောင်ကြရပါမယ်။ ဒါကိုလည်း သင်အပါအဝင် လူသားအားလုံးက ရေရှည်ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း "သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ၊ ဘေးရန်လျှော့ထား အသင်လူသား" ဆိုတဲ့ ဆောင်ပုဒ်နဲ့ တိုက်တွန်းလိုက်ပါရစေ။ ။

မော်တော်ယာဉ် မောင်းသူများ လိုက်နာရန်

(၁) မှတ်ပုံတင်မရှိ /သက်တမ်းကုန်ဆုံးနေသည့် မော်တော်ယာဉ်များအား ပြည်သူတို့ဆိုင်ရာနေရာတွင် မောင်းနှင်ခွင့်မရှိ။

(၂) သက်တမ်းရှိ မှတ်ပုံတင်လက်မှတ်(အဝိုင်း)ကို ယာဉ်၏ရှေ့မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရမည်။

(၃) မှတ်ပုံတင်သက်တမ်းလဲရန် (၅)နှစ်ကျော်ပျက်ကွက်လျှင် မှတ်ပုံတင်ဖျက်သိမ်းမည်ကို သတိပြုပါ။

(၄) မော်တော်ယာဉ် မောင်းနှင်သည့်အခါ သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် အမြဲပါရှိရမည်။

(၅) မိမိယာဉ်မောင်းလိုင်စင်ကို အခြားသူအား ပြောင်းလဲသုံးစွဲခွင့်မရှိ။

(၆) ယာဉ်မောင်းလိုင်စင်တွင် ဖော်ပြထားသည့် မောင်းခွင့်ရှိယာဉ်များကိုသာ မောင်းပါ။

(၇) လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၏ သတ်မှတ်စည်းကမ်းအတိုင်း မောင်းပါ။

(၈) သီးခြားကန့်သတ်ထားသည့် အမြန်နှုန်းအတိုင်း မောင်းပါ။

(၉) ယာဉ်ပျက်လျှင် လမ်းဘေးရွှေ့ရပ်ပါ။

(၁၀) ယာဉ်ထိန်းရဲ၏ ညွှန်ပြချက်အတိုင်း လိုက်နာပါ။

(၁၁) မီးစိမ်းကို လုမမောင်းရ။

(၁၂) ယာဉ်မောင်းနေစဉ် ဆေးလိပ်မီးညှိမသောက်ပါနှင့်။

(၁၃) လက်ကိုင်ဖုန်းပြောရင်း ယာဉ်မမောင်းရ။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မိသားစုများ၊ ကုမ္ပဏီအလှူရှင်များ၏ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဒုတိယဝန်ကြီး ဦးအေးကြူ၊ တိုင်းဒေသကြီး စက်မှု၊ စွမ်းအင်၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုး၊ ကျောင်းအုပ်ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်ကုမ္ပဏီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းအဆင့်မှ မူလတန်းအဆင့်အထိ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး ဒေါ်နီနီတို့က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက လက်ခံသည်။

ယင်းနောက် Rhino Transformer Co.,Ltd. က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀၀၊ YTE Co., Ltd.က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀၀၊ Gunkul Engineering Co.,Ltd. က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀၀၊ Capatical Power Co.,Ltd. က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀၀ ၊ AGE Co.,Ltd. က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀၀၊ စိုးလျှပ်စစ်ကုမ္ပဏီက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀၀နှင့် Yangon Crown Co.,Ltd. က ဘောလ်ပင် ၂၀၀၀၀နှင့် ခဲတံ ၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် လှည်းကူးမြို့နယ် ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်က ကျေးဇူးတင်စကား ပြောကြားသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မိသားစုများ၊ ကုမ္ပဏီအလှူရှင်များက လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်ကျောင်းနှင့် မူလတန်းအဆင့်ထိ ကျောင်းပေါင်း ၁၈၉ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၃၇၈၉ ဦးအတွက် ပေးအပ်လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ၏ တန်ဖိုးမှာ စုစုပေါင်း ငွေကျပ်သိန်း ၄၅၀ ဖြစ်သည်။ (သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး ဒေါ်နီနီတို့က လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀၀ ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးလက်ခံစဉ်။
(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ တက်ရောက်ပါဝင်စိုက်ပျိုး

နေပြည်တော် ဇွန် ၁၂

မုံရွာခရိုင် အရာတော်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက် နံနက်ပိုင်းတွင် အရာတော်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး တာဝန်ရှိသူများက ကျွန်း၊ တမာ၊ ကုက္ကို၊ မဲဇလီနှင့် စိန်ပန်းပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အရာတော်မြို့ သီရိရတနာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာ ကွင်းအမှတ် (၀၃၅)ရှိ ရက် ၁၂၀ စပါး ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရွာသာကြီးကျေးရွာအနီး မိုင်တိုင်အမှတ်(၄၀/၀)မှ (၄၀/၂)အထိ စိုက်ပျိုးသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ကာ ရွှေဘိုလမ်းပိုင်း မိုင်တိုင်အမှတ်(၄၇/၀)မှ (၇၀/၀)အတွင်း ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီက လမ်းများ ပြုပြင်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေဘိုဒီဂရီကောလိပ်ဝင်းအတွင်းရှိ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များကို စိုက်ပျိုးပေးပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ သစ်ပင်များ စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရွှေဘိုမြို့၌ ၂၃၀ KV ၆၀ MPA ဓာတ်အားခွဲရုံ ဆောက်လုပ်မည့်မြေနေရာနှင့် မုံရွာစက်မှုဇုန်ခွဲ ရွှေဘိုရှိ ငွေကြယ်ဆောက်လုပ်ရေး အလုပ်ရုံ Steel Structure သံပေါင်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရွှေဘိုမြို့၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရွှေဘိုမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား တွေ့ဆုံအားပေးကာ ရွှေဘိုမြို့ ရွှေဘုံရတနာနန်းတော်ကိုကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူနေကြသည့် လူနာများအား တွေ့ဆုံအားပေးသည်။

ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ကန့်ဘလူမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်၊ စာစောင်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သိန်ရင်တမံတည်ဆောက်ရေးစီမံကိန်းနှင့် ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး မုံရွာခရိုင် အရာတော်မြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

ရှင်းလင်း

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မြို့ဝင်ဆိုင်းဘုတ်ဝန်းကျင် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အလှပန်းပင်များ ပုံသွင်းခြင်း၊ ဖြတ်ညှိခြင်း၊ လမ်းဘေးဝဲ၊ ယာ ချုံနွယ်များ ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မိတ္ထီလာခရိုင်၌ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမည်

မိတ္ထီလာ ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ မြို့နယ်လေးမြို့နယ်မှ ဒေသခံတောင်သူများအတွက် ခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းလေးသောင်းနှစ်ထောင် ထုတ်ချေးသွားမည်ဟု သတင်းရရှိသည်။

ယမန်နှစ်ကထက် စိုက်ပျိုးစရိတ်ချေးငွေစုစုပေါင်း ပမာဏ ငွေကျပ်သိန်း ၆၅၀၀ အထိ တိုးမြှင့်ထုတ်ချေးကြောင်း၊ ယင်းသို့ ထုတ်ချေးရခြင်းသည် စိုက်ပျိုးစရိတ်ချေးငွေကို တောင်သူများ စိတ်ဝင်စားလာပြီး အမှန်တကယ်လည်း မိုးစပါးနှင့် အခြားသီးနှံများ ပိုမို စိုက်ပျိုးလာကြောင်း ခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာက ပြောကြားသည်။

ခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၀ ခုနှစ်က မိတ္ထီလာမြို့ဘဏ်ခွဲ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၈၀၀၀၊ မလှိုင်မြို့ ဘဏ်ခွဲမှ ငွေကျပ်သိန်း ၆၀၀၀၊ သာစည်မြို့ ဘဏ်ခွဲမှ ငွေကျပ်သိန်း ၁၀၅၀၀၊ ဝမ်းတွင်းမြို့ ဘဏ်ခွဲမှ ငွေကျပ်သိန်း ၁၁၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၃၅၅၀၀ ထုတ်ချေးခဲ့ပြီး ယခုနှစ်တွင် မိတ္ထီလာဘဏ်ခွဲမှ ငွေကျပ်သိန်း ၈၄၀၀၊ မလှိုင်ဘဏ်ခွဲမှ ငွေကျပ်သိန်း ၇၆၀၀၊ သာစည်ဘဏ်ခွဲမှ ငွေကျပ်သိန်း ၁၄၀၀၀၊ ဝမ်းတွင်းဘဏ်ခွဲမှ ငွေကျပ်သိန်း ၁၂၀၀၀ စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်း ငွေကျပ်သိန်း ၄၂၀၀၀ ဇွန်လ တတိယပတ်ခန့်တွင် အပြီးသတ် ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြို့သစ်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြို့သစ် ဇွန် ၁၂

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာအုပ်စု အောင်ချမ်းသာကျေးရွာ မိုင်တိုင်အမှတ်(၃၉/၂)ဖာလုံ အနီးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၂ ရက် နံနက်က အဆိုပါစိုက်ပျိုးကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးအရာရှိ ဦးဝင်းနိုင်တို့က သစ်ပင်ပေါင်း ၄၀၀၀ ကို စိုက်ပျိုးပေးရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူအင်အား ၃၀၀ ကျော် တက်ရောက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

စုပေါင်းသန့်ရှင်းရေးနှင့် သစ်ပင်စိုက်ပွဲတော်ကျင်းပ

မကွေး ဇွန် ၁၂

မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ၂၀၁၁ခုနှစ် မြန်မာအမျိုးသမီးများနေ့အကြို စုပေါင်းသန့်ရှင်းရေးနှင့် သစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ဇွန် ၄ ရက် နံနက်က မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံးဝင်းအတွင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့် တက်ရောက်လာကြသူများက အရိပ်ရပင်နှင့် ပန်းအလှပင် ၂၅၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြပြီး ရုံးဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(ဝဲပုံ)**

(ကြေးမုံ)

သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏။

○ ရွှေဖုံးမှ

ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများသည် အရောင်းပြခန်းနှင့် ဌာနေကိုယ်စားလှယ်ရုံးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်က အရောင်းပြခန်းနှင့် ဌာနေကိုယ်စားလှယ် ရုံးခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အရောင်းပြခန်းအတွင်းရှိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံထုတ် အိမ်အလှဆင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (Myanmar -Vietnam Business Exchange) သို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် (BIDV-Bank for Investment and Development of Vietnam) နှင့် မြန်မာနိုင်ငံရှိ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအသင်း (AVIM- Association of Vietnamese Investors in Myanmar) ဒါရိုက်တာအဖွဲ့ဝင် Mr. Le Dao Nguyen က စီးပွားရေးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ UMFCCI တွဲဖက်အတွင်းရေးမှူး ဦးမိုးကျော်က မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး BIDV နှင့် AVIM ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာနိုင်ငံရှိ ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်း ဥက္ကဋ္ဌ Mr.Tran Bac Ha တို့သည် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍Bac Viet Steel Group(Vietnam) နှင့် Golden Wealth (Myanmar)တို့မှ တာဝန်ရှိသူများသည် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ Universal Link Services Co.,Ltd. နှင့် Golden Import Export Consultancy & Trade Promotion Co.,Ltd. တို့မှ တာဝန်ရှိသူများသည် နားလည်မှုစာချွန်လွှာကိုလည်းကောင်း အသီးသီးလက်မှတ်ရေးထိုးကြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များသည် အုပ်စုများခွဲ၍ စီးပွားရေးလုပ်ငန်းများအလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

Bac Viet Steel Group(Vietnam) နှင့် Golden Wealth(Myanmar)တို့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၂

ချီးကျူးဂုဏ်ပြုထိုက်သည့် ထူးချွန်ထက်မြက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ယခုကဲ့သို့ ချီးကျူးဂုဏ်ပြုခြင်းဖြင့် ခွန်အားသစ်များ ရရှိရန် ရည်ရွယ်၍ ယနေ့ အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊ ထူးချွန်သူများသည် နောင်ကာလများတွင် ယခုထက်ပိုပြီး ထူးချွန်ထက်မြက်ကာ ဝန်ကြီးဌာန၏ ဂုဏ်၊ နိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်နိုင်ရေး စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၁၁ ခုနှစ် ပညာရည်ထူးချွန်ဆု၊ သင်တန်းထူးချွန်ဆုနှင့် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။

ထို့နောက် ပညာရည်ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများက တစ်ဘာသာ၊ နှစ်ဘာသာ၊ သုံးဘာသာနှင့်လေးဘာသာ ဂုဏ်ထူးရှင်များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းက ငါးဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့က ခြောက်ဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီးဌာနအဆင့် သင်တန်းများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်သင်တန်းများ၌ ထူးချွန်ဆုရ အရာထမ်း/အမှုထမ်းများ၊ အမျိုးသားအဆင့်၊ ဝန်ကြီးဌာနအဆင့် ဆုရအားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဇနီး ဒေါ်ခင်သန်းဝင်းနှင့် ဒုတိယဝန်ကြီး ဦးဝင်းသန်းတို့က အမျိုးသားအဆင့် အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ကြားရေးအထောက်အကူပြုပစ္စည်းများကို ပေးအပ်ကြရာ လုပ်ငန်းဌာနအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၁ ခုနှစ် ပညာရည်ထူးချွန်ဆု၊ သင်တန်းထူးချွန်ဆုနှင့် အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့်တစ်ဘာသာဂုဏ်ထူးရှင် ၃၈ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၅ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၃ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၄ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးရှင်ရှစ်ဦး စုစုပေါင်း ထူးချွန်ကျောင်းသား၊ ကျောင်းသူ ၉၈ ဦး၊ ဝန်ကြီးဌာနအဆင့် သင်တန်းများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်သင်တန်းများတွင် ထူးချွန်ဆုရ အရာထမ်း/အမှုထမ်း ၁၅ ဦးနှင့် အောင်ပွဲရ အားကစားသမား ၆၁ ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။ (သတင်းစဉ်)

ဆုပေးအပ်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

✻ နှလုံး၌မှ

သဘာဝဂျာနယ်ပါ လေ့လာချက်တစ်ရပ်၌ ဖော်ပြထားသည်။

သိုင်မိုစင် ဘီတာ-၄ ဆေးဝါးကို လူသားတို့အတွက် နှလုံးရောဂါကုထုံးအဖြစ် အသုံးချနိုင်ရန်အတွက် နှစ်ပေါင်းများစွာ အချိန်ယူရဦးမည်ဖြစ်ကြောင်း ဗြိတိသျှ နှလုံးရောဂါဖောင်ဒေးရှင်းက ပြောကြားခဲ့သည်။

ကျန်းမာရေး စောင့်ရှောက်မှုစနစ်များ ခေတ်မီတိုးတက်လာသည်နှင့်အမျှ နှလုံးသွေးကြောဆိုင်ရာ ရောဂါများကြောင့် သေဆုံးရသူနှုန်းထား ကမ္ဘာပေါ်၌ ကျဆင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။

သို့ရာတွင် နှလုံးထိခိုက်ပျက်စီးမှု ဝေဒနာခံစားရသူနှုန်းထားမှာ မြင့်တက်လာခဲ့ပြီး ဗြိတိန်နိုင်ငံတစ်နိုင်ငံတည်းမှာပင် ယင်းကဲ့သို့သော နှလုံးရောဂါဝေဒနာရှင်ပေါင်း ၇၅၀၀၀၀ ရှိကြောင်း သိရသည်။

ဗြိတိန်နိုင်ငံမှ သိပ္ပံပညာရှင်များသည် သန္ဓေသားလောင်းအတွင်းရှိ နှလုံးတစ်သျှူး အမျိုးမျိုးအဖြစ် အသွင်ပြောင်းလဲနိုင်စွမ်းရှိသော ဆဲလ်အုပ်စုများကို လေ့လာဆန်းစစ်ခဲ့ကြသည်။

အရွယ်ရောက်သူများ၌ နှလုံးအိမ်အမြှေးပါးထွက်ပေါ်လာသော ဆဲလ်ဟောင်းများရှိနေသော်လည်း ယင်းဆဲလ်များ၌ လှုပ်ရှားတုံ့ပြန်နိုင်ခြင်းမရှိပေ။ ယင်းဆဲလ်များ ပြန်လည်နိုးထလှုပ်ရှားလာစေရန်အတွက် သိုင်မိုစင် ဘီတာ-၄ ဓာတုဒြပ်ပေါင်းကို သိပ္ပံပညာရှင်များက သုံးစွဲခဲ့ကြသည်။

သိုင်မိုစင် ဘီတာ-၄ ဆေးဝါးဖြင့် နှလုံးကြွက်သား၏ အမြှေးလွှာဆဲလ်များ၌ လှုပ်ရှားတုံ့ပြန်မှုဖြစ်ပေါ်စေရန် လုပ်ဆောင်နိုင်ပါက ယင်းအမြှေးလွှာဆဲလ်များသည် နှလုံးကြွက်သားမျှင်အသစ်များကို ပေါ်ထွက်စေနိုင်ကြောင်း သုတေသနပညာရှင်များက ဆိုသည်။

သိုင်မိုစင် ဘီတာ-၄ စမ်းသပ်ချက်၌ တွေ့ရှိရသော တိုးတက်မှုတစ်ရပ်မှာ နှလုံးသွေး အသွင်းအထုတ်အားကောင်းလာခြင်းဖြစ်သည်။ နှလုံးသွေး အသွင်းအထုတ်အားကောင်းလာသည်နှင့်အမျှ ထိခိုက်ပျက်စီးနေသော တစ်သျှူးမျှင်များ လျော့ပါးလာကာ နှလုံးနံရံများလည်း ထူထဲလာကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိစမ်းသပ်ချက်အရ ဆေးအာနိသင် ပိုမိုထိရောက်စေရန်၊ နှလုံးရောဂါမဖြစ်ပွားစေရန် ကြွက်များအား သိုင်မိုစင် ဘီတာ-၄ ဆေးဝါးများ ကြိုတင်တိုက်ကျွေးရန် လိုအပ်သည်။

အင်တာနက်။

စာပေမြင့်မှ လူမျိုးတင့်မည်

ပညာဂုဏ်ရောင် အလင်းဆောင်

ဖျာပုံမြို့ ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့

ဖျာပုံ ဇွန် ၁၂

ဖျာပုံမြို့ အလင်းရောင်ပညာရေးအကျိုးဆောင်ကော်မတီ၏ ပဉ္စမအကြိမ် သူငယ်တန်းမှ ဒသမတန်းအထိ ပညာသင်စရိတ်၊ ကျောင်းသုံးဖတ်စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၂ ရက် မွန်းလွဲပိုင်းက ဖျာပုံမြို့ အမှတ်(၁၅) ရွှေနတ်ကူဘုရားလမ်း ငြိမ်းချမ်းမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ ကွန်ပါဘူး၊ ဘောပင်၊ ခဲတံ၊ ခဲဖျက်နှင့် ကျောင်းအပ်နှံစရိတ်များကို ကျောင်းသား၊ ကျောင်းသူ ၂၁၄ ဦးတို့အား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

(၁၆၈)

ဇွန် ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် တေဇာရာမဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း ဆရာတော်နှင့် မေတ္တာရောင်စဉ်ပရဟိတလူငယ်များအဖွဲ့၏ ပူးပေါင်းပါဝင်မှုဖြင့် ကျောင်းဆရာမများ မြကေသာဆံပင်အရှည်ဆုံး ဆုချီးမြှင့်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူများအား ပုံနှိပ်ဖတ်စာအုပ်များလှူဒါန်းပွဲအခမ်းအနားတွင် မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ပဉ္စမတန်းကျောင်းသားတစ်ဦးအား ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရှင် မချိုချိုယဉ်အား ဇွန် ၁၁ ရက်က ပြည်မြို့ နဝင်းရဲရိပ်သာ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်ခင်ဆွေငြိမ်းက ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

(၁၄၃)

☆ကျောဖုံးမှ

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ မိတ္ထီလာကန်အတွင်း ရေဝင်ရောက်မှု၊ မင်းလှညောင်ရမ်းကန်များသို့ ရေကူဖြန့်ဖြူးပေးမှုနှင့် ကန်ရေပြည့် ရေသိုလှောင်နိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိတ္ထီလာမြို့ စက်မှုလယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအထူးသင်တန်း အမှတ်စဉ်(၂/၂၀၁၁)သို့ တက်ရောက်သင်ကြားနေကြသည့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း ကျေးရွာအုပ်စု ရှစ်အုပ်စု ကျေးရွာပေါင်း ၁၇ ရွာမှ သင်တန်းသား ၄၁ ဦးတို့အား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းကာလအတွင်း ထွန်စက်ကြီး အမျိုးမျိုး၊ ထွန်စက်ငယ် အမျိုးမျိုး၊ လက်တွန်းထွန်စက်အမျိုးမျိုး၊ ကောက်စိုက်စက်၊ စပါးရိတ်စက်၊ စပါးခြွေစက်စသည့် လယ်ယာသုံးစက်ကိရိယာ အမျိုးမျိုးကို လက်တွေ့လုပ်ငန်းခွင်၌ ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်ပြုပြင်ထိန်းသိမ်းနိုင်ရန် စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

သင်တန်းမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရပ်များကို မိမိဒေသ၏ စက်မှုလယ်ယာကူးပြောင်းရေး ဆောင်ရွက်မှု လုပ်ငန်းရပ်များတွင် ပြန်လည်အသုံးချသွားနိုင်ရမည်ဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးပြီး ကျေးလက်တောင်သူများ လူနေမှုဘဝ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သင်တန်းသားများ၏ လယ်ယာသုံးစက်ကိရိယာများ ပြုပြင်ထိန်းသိမ်းမှု၊ စာတွေ့လက်တွေ့ သင်ကြားသင်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မအူပင်မြို့ရှိ ငါးလုပ်ငန်းစခန်း ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန်　ဇွန်　၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ဖျာပုံမြစ်တန်း ပင်လယ်ကျားပိုက် လုပ်ငန်းရှင်များ အသင်းရုံးနှင့် ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ခါးပြတ်ကျေးရွာတို့၌ လေဘေးသင့်ရေလုပ်သားမိသားစုဝင် များအားတွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အောက်ပုံ)** ဆက်လက်၍ ခါးပြတ်ကျေးရွာ အုပ်စုအတွင်း ရေလုပ်ငန်းဖြင့် အသက်မွေးလုပ်ကိုင်နေသည့် ကျေးရွာပြည်သူများ၏ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်မှု အခြေအနေကို လှည့်လည်ကြည့်ရှုသည်။

ဒုတိယဝန်ကြီးသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ဒေးဒလူးကျေးရွာအုပ်စု ချောင်းဝကျေးရွာ၌ ကျေးရွာပြည်သူများ ရေလုပ်ငန်းဖြင့် အသက်မွေးလုပ်ကိုင်နေမှု အခြေအနေ၊ ပင်လယ်ကျားဖောင် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရန် ပြင်ဆင်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ရေလုပ်သားများ၏ မိသားစုဝင်များအား တွေ့ဆုံသည်။

ထို့နောက် မအူပင်ခရိုင် မအူပင်မြို့ရှိ ငါးလုပ်ငန်းဦးစီးဌာန၏ အောင်ဟိတ် ငါးလုပ်ငန်းစခန်း၌ မျိုးငါးမကြီးများ၊ မျိုးမြင့်ငါးမှုန်၊ ငါးသန်ငါးသားပေါက်များ ထုတ်လုပ်နေမှုနှင့် ပြုစုကန်များ၌ ပြုစုထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယ ဝန်ကြီးက မြန်မာတစ်နိုင်ငံလုံးရှိ ငါးလုပ်ငန်းစခန်းများမှ ယခုနှစ်တွင် မျိုးငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၈၂၂၀ ထုတ်လုပ်ပြီး အများပြည်သူရှာဖွေ စားသောက်နိုင်ရန် သဘာဝရေပြင်များ၊ မြစ်ချောင်းအင်းအိုင်များ၌ မျိုးငါးသားပေါက် ကောင်ရေ သိန်းပေါင်း ၃၅၃၀ မျိုးစိုက်ထည့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မောင်တောခရိုင် ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော်　ဇွန်　၁၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် တံတားအမှတ်(၁/၁၅) မြို့ဝင်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ တာဝန်ရှိသူများအား မြို့ရေပေးဝေရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် မောင်တောမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သီရိမင်္ဂလာခန်းမ၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ မောင်တောမြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများပေးအပ်၍ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ပြိုလက်ဝဲမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကြိမ်ချောင်းကျေးရွာ တိုက်နယ်ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသည့် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကာ ကြိမ်ချောင်းအခြေခံပညာအထက်တန်းကျောင်းနှင့် ငါးခူရကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး မြို့နယ်၏စိုက်ပျိုးရေး၊ ပညာရေးဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် ဘူးသီးတောင်မြို့မဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Gurtin တက္ကသိုလ်မှ အသုံးချသင်တန်းဖွင့်လှစ်မည်

ရန်ကုန်　ဇွန်　၁၂

စီးပွားရေးဈေးကွက်ပညာရပ်၊ ကုန်ပစ္စည်းထုတ်လုပ်မှုနယ်ပယ်၊ လူမှုရေးသိပ္ပံပညာ၊ ဆေးသိပ္ပံပညာနယ်ပယ်တွင် အသုံးချသော Statistical Package for Social Sciences(SPSS) အသုံးချနည်းရက်တိုသင်တန်းကို ဇွန် ၁၀ ရက်တွင် ဒုတိယအသုတ်ဖွင့်လှစ်ခဲ့ပြီး ဇူလိုင် ၂၄ ရက်တွင် တတိယအသုတ်ကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ရန်ကုန်မြို့၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အဆိုပါသင်တန်းကို Curtin University မှ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

ထိုသင်တန်းသည် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများမှ စာရင်းအင်းပြုစုသူများ၊ ကျန်းမာရေး၊ ဆေးပညာနှင့် ပညာရေးဆိုင်ရာ သုတေသနစာတမ်းပြုစုသူများ၊ ဈေးကွက်သုတေသနစာတမ်းပြုသူများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ စာရင်းအင်းပြုစုသူများ၊ INGO, NGO များမှ အရာရှိများ စက်မှုလက်မှု စီးပွားရေးလုပ်ငန်းများမှ မန်နေဂျာနှင့် အထက်အမှုဆောင်များ၊ လူမှုအထောက်အကူပြုသူများအတွက် အထူးဖွင့်လှစ်သော သင်တန်းဖြစ်သည်။

အစိုးရဝန်ကြီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ NGO,INGO အဖွဲ့ အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများက သီးသန့်သင်ကြားပေးစေလိုပါကလည်းကောင်း၊ တန်းခွဲသစ်များ တက်လိုပါကလည်းကောင်း Noble Management Academy ရုံးဖုန်း - ၀၉ - ၇၃၁၇၅၈၈၁၊ ၀၉-၅၁၆၀၈၀၉၊ ငါးလုပ်ငန်းအဖွဲ့ချုပ် ရုံးဖုန်း-၆၈၃၆၅၈၊ ၀၉-၈၆၀၂၄၈၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဇွန် ၈ ရက်က မြန်မာ့ မီးရထား ဖြင့် ကုန်တင်ပို့သူ အလှူရှင်များက မြန်မာ့ မီးရထားဝန်ထမ်းများ၏ သားသမီးများ အတွက် ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေများကို ပေးအပ်ရာ ဦးဆောင်ညွှန်ကြား ရေးမှူး ဦးသိန်းဆွေ လက်ခံစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနိုင်

နေပြည်တော်　ဇွန်　၁၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဂွမြို့တွင် ၆ ဒသမ ၂၂ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၉၄ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၃၈ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၀၇ လက်မနှင့် တမူးမြို့တွင် ၂ ဒသမ ၆၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်(တောင်ပိုင်း)တို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်းဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

❖ နိုင်ငံတစ်ဝန်းမှ

အများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးလောင်မှုများ၏ ဆုံးရှုံးမှုတန်ဖိုးများကို ဆန်းစစ်ကြည့်ရာတွင် ပဲခူးတိုင်းဒေသကြီး၌ ဆုံးရှုံးမှုအများဆုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် မွန်ပြည်နယ်၌ တတိယအများဆုံး ဆုံးရှုံးခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မေလအတွင်း မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပွားခဲ့သည့် မန္တလေးတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ်(၁၆)ကြိမ်အနက်(၁၁)ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်ကြောင်း သိရှိရသည်။

မေလအတွင်း မီးလောင်မှု (၆၉)ကြိမ် ဖြစ်ပွားခဲ့သည့်အနက် ကျေးရွာများ၌ မီးလောင်မှု(၂၂)ကြိမ် ဖြစ်ပွားခဲ့ရာ မီးလောင်မှု အကြိမ်စုစုပေါင်း၏ (၃၁ ဒသမ ၈၈ ရာခိုင်နှုန်း)ခန့် ပါဝင်ခဲ့သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူအများ လိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေအကြံပြု တိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်းမီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှု အားနည်းခြင်းကြောင့် မီးလောင်မှုဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။ ယခုအခါ ကျေးရွာများတွင်လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထား ဆောင်ရွက်လျက်ရှိသည်။ မိုးဦးကာလဖြစ်သော်လည်း ပေါ့ဆမှုမှစတင်သော မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် ပြည်သူအားလုံးက မီးသတိရှိရေး တိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မဟာဓာတ်အားလိုင်း တာဝါတိုင်များမှ သံပေါင်များနှင့် ဘိုးနပ်များ ဖျက်ဆီးခိုးယူသူများကို ဖော်ထုတ်အရေးယူ

ရေတာရှည်　ဇွန်　၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းတာဝါတိုင်အချို့မှ သံပေါင်များနှင့်ဘိုးနပ်များ ခိုးယူသည့် အဖွဲ့ကို ရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

သဲဖြူဓာတ်အားဖြန့်ဖြူးရေးစခန်းမှ တောင်ငူသို့ ပို့လွှတ်ဆက်သွယ်ထားသည့် ၂၃၀-ကေဗွီမဟာဓာတ်အားလိုင်း တာဝါတိုင်များအား တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်စဉ် သာဂရမြို့ အနောက်ဘက်ရှိ တာဝါတိုင်အမှတ် (၁၅၃)နှင့် (၁၅၄)တို့မှ သံပေါင်ဆိုဒ်စုံ ၃၆ ချောင်း၊ ဘိုးနပ် ၅၆ လုံး ကာလ တန်ဖိုး ၃၇၅၆၅၀ ပျောက်ဆုံးနေ ကြောင်းသိရ၍ သာဂရရဲစခန်းက (ပ) ၂၈/ ၂၀၁၁ ပြည်သူပိုင်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်ခဲ့သည်။

ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ သာဂရမြို့ အင်ဒိုင်းကျေးရွာနှင့် ဆွာစက်ရုံကျေးရွာအုပ်စု၊ အုန်းခြံကျေးရွာအနီး လယ်တဲ၌နေသော ကျော်ဆန်း (အသက်၃၀နှစ်)ကို သက်သေခံ ပစ္စည်းအချို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ကျော်ဆန်း၏ ထွက်ဆိုချက်များအရ ၎င်းနှင့်အတူ သာဂရမြို့ အင်ဒိုင်း ကျေးရွာနေသူများ ဖြစ်ကြသည့် ဒသ (ခ) မြတ်လှိုင်ဦး (အသက်၂၅)နှစ်၊ ဇော်မင်းဦး (အသက် ၃၁)နှစ်၊ ကိုကိုမောင်၊ ဇော်မင်းဦး၊ ကျော်ခိုင်တို့ ပါဝင်သည့်အဖွဲ့သည် လွန်ခဲ့သည့် တစ်လခန့်က ဆွာမြို့ အနောက်ဘက်ရှိ တာဝါတိုင်များမှလည်းကောင်း၊ သာဂရမြို့အနောက်ဘက်ရှိ တာဝါတိုင်များမှလည်းကောင်း အကြိမ်ကြိမ် ဖြုတ်တောက်ဖျက်ဆီးခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

တာဝါတိုင်အမှတ်(၁၆၀)၊ (၁၆၁)နှင့် (၁၆၂)တို့မှ သံပေါင်ဆိုဒ်စုံ ၆၂ ချောင်း၊ ဘိုးနပ် ၁၀၅ လုံး ကာလတန်ဖိုး ၆၂၅၂၇၅ ပျောက်ဆုံးခဲ့၍ ဆွာရဲစခန်းကလည်း (ပ) ၄၅/ ၂၀၁၁ ပြည်သူပိုင် ဥပဒေပုဒ်မ၆(၁)ဖြင့် အမှုဖွင့်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို ဥပဒေအကြံပြုချက်နှင့်အညီ တရားစွဲဆိုတင်ပို့နိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၇၇၈)

ပြည်သူ့ထံမှ ပေးစာများ

ရေတိုင်ကီထုရိုက်သံနားမခံနိုင်

စာတည်းခင်ဗျား

ပုဇွန်တောင်မြို့နယ် ကြက်တန်းလမ်း (၅၆)လမ်းရှိ ရေတိုက်ကီလုပ်ငန်းတို့မှ နေ့စဉ် ရေတိုင်ကီ ထုရိုက်သံများကို ပတ်ဝန်းကျင်နေပြည်သူများ နားမခံနိုင်ဖြစ်နေကြပါ၍ အဆိုပါ ရေတိုင်ကီ လုပ်ငန်းများအား တားဆီးပေးပါရန် တင်ပြအပ်ပါသည်။ **ပတ်ဝန်းကျင်ပြည်သူတစ်ဦး**

မိလ္လာကျင်းပျက်စီး ပတ်ဝန်းကျင်ညစ်ညမ်း

စာတည်းရှင့်-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်း/မြောက်ရပ်ကွက် မင်္ဂလာလမ်း အမှတ် (၁၆)၏ မိလ္လာကျင်းမှာ ပေါက်ပြဲပျက်စီးနေသည့်အတွက် အညစ်အကြေးရည်များ အမြဲစီးကျနေပါသည်။ ပတ်ဝန်းကျင်နေသူများ အနံ့အသက်ဆိုးများ အမြဲရှူရှိုက် နေရပါသဖြင့် ကျန်းမာရေးကို ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ပျက်စီးပြည့်လျှံနေသော မိလ္လာကို အမြန်စုပ်ပေးပြီး ပျက်စီးနေသော မိလ္လာကျင်းအား အသစ်ပြန်လည်ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူများ

ကားဘော်ဒီရုံများပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

သယ်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သီရိဇေယျာလမ်း အနီးရှိ ကားဘော်ဒီရုံများသည် ပတ်ဝန်းကျင်လူနေအိမ်များ အနီး၌ နားမခံနိုင်အောင် ထုရိုက်သံများ၊ ဆူညံသံများ နေ့စဉ်ပြုလုပ်နေသည့်အပြင် မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

ရှမ်းပြည်နယ် ဒုတိယအကြိမ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပ

နေပြည်တော် ဇွန် ၁၂

ရှမ်းပြည်နယ် ဒုတိယအကြိမ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီး (ယာပုံ)**နှင့် ပြည်နယ်ဝန်ကြီးများက (၅)နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး၍ ကစားစရာအရုပ်များ ဝေငှပေးကြသည်။**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြို့မရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌လည်းကောင်း၊ ရေအေးကွင်းရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးခန်းမရှေ့၌လည်းကောင်း (၅)နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး၍ ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ

ရောဝတီနှင့် မကွေးတို့ ဂိုးပြတ်နိုင်

ရန်ကုန် ဇွန် ၁၂

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၁၁)ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ကျင်းပရာ ရောဝတီယူနိုက်တက်နှင့် မကွေး F.Cတို့ နိုင်ပွဲများ ရရှိသွားသည်။

(အောင်ဆန်းကွင်း)
ရောဝတီယူနိုက်တက်-သုံးဂိုး
(ဂျူပီတာ)
ဥဿာယူနိုက်တက်-တစ်ဂိုး
(မြင့်နိုင်)

ဥဿာယူနိုက်တက်ကို ဂိုးပြတ်အနိုင်ကစားပြီး ရောဝတီယူနိုက်တက်တို့ ၁၀ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းသွားသည်။ ယခုပွဲ အနိုင်ရရှိသောကြောင့် ရောဝတီအသင်းမှာ ဒုတိယအကျော့အတွက် အလားအလာကောင်းသွားပြီး လက်ကျန်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံရတနာပုံအသင်းနှင့် ကစားရမည်ဖြစ်သည်။ ရောဝတီအသင်းတွင် ကွင်းလယ်လူ မင်းမင်းသူနှင့် တိုက်စစ်မှူး ဂျူပီတာတို့ခြေစွမ်းပြသွားပြီး အနိုင်ဂိုးများကို ဂျူပီတာက မိနစ် ၄၀၊ ၅၂ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ဟက်ထရစ်သွင်းယူခဲ့သည်။ ဥဿာအသင်းမှာ ၁၉ မိနစ်တွင် မြင့်နိုင်သွင်းယူသောဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ကိုမထိန်းနိုင်၍ ဂိုးပြတ်ရှုံးသွားရခြင်းဖြစ်သည်။ ဥဿာအသင်းမှာ ရှုံးပွဲဆက်နေခဲ့ပြီး ဒုတိယအကျော့တွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

(သုဝဏ္ဏကွင်း)
မကွေးF.C-လေးဂိုး
မနောမြေ F.C-နှစ်ဂိုး

ခြေစွမ်းပြနေသည့် မနောမြေအသင်းကို မကွေးတို့ ဂိုးပြတ်အနိုင်ယူကာ သုံးမှတ်အပြည့်ရယူနိုင်ခဲ့သည်။ အနိုင်ဂိုးများကို ရိုဒရီဂူတစ်ဦးတည်းက ၃၇၊ ၄၅၊ ၇၂ မိနစ်တို့တွင် ဟက်ထရစ်သွင်းယူခဲ့ပြီး နောက်တစ်ဂိုးမှာ ၅၅ မိနစ်တွင် မနောမြေက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်း ဖြစ်သည်။ မနောမြေအတွက် ချေပဂိုးများကို ၇၄ မိနစ်တွင် ဇာကီနှင့် ၈၃ မိနစ်တွင် ဖေဗာတို့က သွင်းယူပေးခဲ့သည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
Southern Myanmar-
ရက္ခပူရယူနိုက်တက်

ရောဝတီယူနိုက်တက်မှ မင်းမင်းသူ၏ ထိုးဖောက်မှုကို ဥဿာနောက်ခံလူများ တားဆီးရန် ကြိုးပမ်းစဉ်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဒုတိယအကြိမ် ဂျူဒိုလက်ရည်စစ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်သည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိစေရန်အတွက် ပဏာမ မြန်မာ့လက်ရွေးစင် အားကစားသမားများကို ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိပြီး ဒုတိယအကြိမ် လက်ရည်စစ်ပြိုင်ပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အမှုဆောင်များ တက်ရောက်၍ ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အိုလံပစ်နေ့ အထိမ်းအမှတ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ကကြီးမှူး၍ အိုလံပစ်နေ့ (OLYMPIC DAY 2011) အထိမ်းအမှတ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ဆုကြေးကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် တစ်ဦးချင်း ဘိလိယက်ပြိုင်ပွဲ (100 UP Best of -5 ပတ်လည်စနစ်ပြိုင်ပွဲ)နှင့် တစ်ဦးချင်း စနူကာပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အမှုဆောင်များ ဂျူဒိုလက်ရည်စစ်ပြိုင်ပွဲအား ကြည့်ရှုအားပေးစဉ်။ (ကြေးမုံ)

နိုင်ငံတကာ အားကစားသတင်းများ

နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မကြာမီကျင်းပမည် တစ်ကမ္ဘာလုံးရှိ ပရိသတ်များအား ဆွဲဆောင်နိုင်ရေး ဂျာမနီကြိုးပမ်း

ဘာလင် ဇွန် ၁၂

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ အိမ်ရှင်ဖြစ်သည့် ဂျာမနီနိုင်ငံသည် အမျိုးသား ကမ္ဘာ့ဖလားပြိုင်ပွဲကို တစ်ကမ္ဘာလုံးရှိ ပရိသတ်များ စိတ်ဝင်တစားအားပေးသကဲ့သို့ ယခု အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုလည်း လူအများ စိတ်ဝင်တစားအားပေးမှုရှိလာအောင် ဆွဲဆောင်မှုအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိနေသည်။

ယခုကျင်းပမည့် အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အသင်း ၁၆ သင်းအား လေးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ထို ၁၆ သင်းတွင် အာဖရိကမှ နှစ်သင်း၊ အာရှမှ သုံးသင်း၊ ဥရောပမှ ငါးသင်း၊ မြောက်နှင့် ဗဟိုအမေရိကမှ သုံးသင်း၊ သမုဒ္ဒရာပိုင်းဇုန်မှ တစ်သင်းနှင့် တောင်အမေရိကမှ နှစ်သင်းတို့ ဖြစ်ကြသည်။ အုပ်စုခွဲခြားမှုတွင် အုပ်စု(A)၌ အိမ်ရှင် ဂျာမနီ၊ ကနေဒါ၊ နိုင်ဂျီးရီးယားနှင့် ပြင်သစ်၊ အုပ်စု(B)တွင် ဂျပန်၊ နယူးဇီလန်၊ မက္ကဆီကိုနှင့် အင်္ဂလန်၊ အုပ်စု (C)တွင် အမေရိကန်၊ မြောက်ကိုရီးယား၊ ကိုလံဘီယာနှင့် ဆွီဒင်၊ အုပ်စု(D)တွင် ဘရာဇီး၊ ဩစတြေးလျ၊ နော်ဝေနှင့် အီကွေတိုရီယယ်ဂီနီတို့ ဖြစ်ကြသည်။

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ပွဲစဉ်အဖြစ် ဇွန် ၂၆ ရက် (တနင်္ဂနွေနေ့)တွင် အိမ်ရှင်ဂျာမနီအသင်းနှင့် ကနေဒါအသင်းတို့ ဘာလင်ကွင်း၌ စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စု(C)တွင် ပါဝင်သည့် အမေရိကန်မှာ ကမ္ဘာ့အဆင့်(၁)အဖြစ် ရပ်တည်နေသော်လည်း ကမ္ဘာ့အဆင့်(၂)အဖြစ်ရပ်တည်လျက်ရှိသည့် အိမ်ရှင်ဂျာမနီအသင်းမှာ ယခုပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားလျက်ရှိနေသည်။ **(၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်ပေါင်း ၃၁ ပွဲလုံးကို မြဝတီရုပ်မြင်သံကြားမှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဟု သိရသည်။)** *ESPN*။

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလား ပြိုင်ပွဲဝင်မည့် အိမ်ရှင်ဂျာမနီအသင်း။

ဟန်သစ်

အန်ဆန်လော့တီ ပရီမီယာလိဂ်တွင် တစ်နှစ်တိတိ နည်းပြလုပ်ခွင့်ရမည်မဟုတ်

လန်ဒန် ဇွန် ၁၂

ချယ်လ်ဆီးအသင်းသည် ၂၀၁၀-၂၀၁၁ ပရီမီယာလိဂ်ရာသီပိတ် ပွဲစဉ်အပြီးတွင် အန်ဆန်လော့တီကို နည်းပြရာထူးမှ ဖယ်ရှားခဲ့သည်။ ယင်းသို့ ထုတ်ပယ်ခဲ့မှုအပေါ် နစ်နာကြေးအဖြစ် ပေါင်ခြောက်သန်းပေးရန် သဘောတူလိုက်ခြင်းကြောင့် အန်ဆန်လော့တီသည် ပရီမီယာလိဂ်တွင် တစ်နှစ်တိတိ နည်းပြလုပ်ခွင့်ရရှိမည် မဟုတ်တော့ပေ။

ချယ်လ်ဆီးအသင်းသည် ၂၀၀၇ ခုနှစ်က မော်ရင်ဟိုကို ထုတ်ပယ်ခဲ့စဉ်ကလည်း ထိုသို့ ပြုလုပ်ခဲ့သေးသည်။ အီတလီသား အန်ဆန်လော့တီသည် အီတလီကလပ်ရိုးမားအသင်း၏ ကမ်းလှမ်းမှုကို ခံရသော်လည်း ၎င်းအနေဖြင့် ပရီမီယာလိဂ်အသင်းတစ်သင်းသင်းတွင်သာ နည်းပြလုပ်ရန် ဆန္ဒရှိနေခဲ့သည်။ သို့သော် ယခုကဲ့သို့ ချယ်လ်ဆီးအသင်းနှင့် နစ်နာကြေးရလိုမှုအပေါ် သဘောတူညီခဲ့ခြင်းကြောင့် ၎င်းအနေဖြင့် ပရီမီယာလိဂ်တွင် နည်းပြလုပ်မည်ဆိုပါက နောက်ထပ်တစ်ရာသီ ထပ်မံစောင့်ဆိုင်းရတော့မည်ဖြစ်သည်။ ***အင်တာနက်။***

ပရီမီယာလိဂ်တွင် တစ်နှစ်တိတိ နည်းပြလုပ်ခွင့်မရရှိတော့သည့် အန်ဆန်လော့တီ။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများပြန်လည်ပြုပြင်ရန် နိုးဆော်ချက်

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ရန် အောက်ဖော်ပြပါ စေတီ၊ ဂူဘုရားပုထိုး တစ်ဆူချင်း ခန့်မှန်းကုန်ကျငွေများအတွက် နဝကမ္မအလှူငွေများ လာရောက်လှူဒါန်းနိုင်ပါကြောင်း နိုးဆော်အပ်ပါသည်-

စဉ်	ဘုရားအမှတ်	အမျိုးအစား	ပြုပြင်ရန်ခန့်မှန်းတန်ဖိုးကျပ်သိန်း
၁	၁၃၈	ဂူဘုရား	၉၅ သိန်း
၂	၁၄၀	။	၁၁၂ သိန်း
၃	၂၂၈	။	၈၀ သိန်း
၄	၂၂၉	။	၈၀ သိန်း
၅	၂၉၂	ဥမင်စေတီ	၁၈၅ သိန်း
၆	၃၄၇	ဂူဘုရား	၁၅၀ သိန်း
၇	၆၆၉	။	၁၁၀ သိန်း
၈	၇၂၄	။	၈၀ သိန်း
၉	၈၅၃	။	၁၃၅ သိန်း
၁၀	၉၉၁	စေတီ	၁၃၅ သိန်း
၁၁	၁၂၇၂	။	၆၅ သိန်း
၁၂	၁၄၀၅	။	၁၆၈ သိန်း
၁၃	၁၄၀၈	။	၈၀ သိန်း
၁၄	၂၀၂၆	ဂူဘုရား	၁၁၀ သိန်း
၁၅	၂၀၈၂	။	၁၀၀ သိန်း
၁၆	၂၁၉၅	။	၁၀၀ သိန်း
၁၇	၂၁၄၂	၂ ထပ်ဂူဘုရား	၄၂၀ သိန်း
၁၈	၂၀၈၃	ဂူဘုရား	၈၅ သိန်း
၁၉	၂၀၅၁	၂ ထပ်ဂူဘုရား	၄၂၀ သိန်း
၂၀	၁၅၃၉	ဂူဘုရား	၂၀၀ သိန်း
၂၁	၁၂၇၇	။	၃၅၀ သိန်း
၂၂	၈၃၆	။	၆၅ သိန်း
၂၃	၅၉၉	။	၉၀ သိန်း

ဆက်သွယ်လှူဒါန်းနိုင်သောနေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၂၁၄
၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇
၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇
၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း-၀၆၁-၆၀၂၆၉
၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း-၀၂-၇၆၁၅၂

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဘုရားလမ်း၊ တိုက်(၁၀၈)၊ အခန်း(၄၀၂)နေ
ဦးစော(မြန်မာပါတိတ်)-ဒေါ်မြရွှေတို့၏စတုတ္ထသား

မောင်ညီညီ

Diploma in IDCS
SCSI Computer Service & Network Solution
Digital Photo & Video Editing

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ အမှတ်(၈၇)နေ
(ဦးစိန်မြင့်)-ဒေါ်ခင်လှိုင်(ခ)ဒေါ်ကောက်ပို့တို့၏ တစ်ဦးတည်းသောသမီး

မသင်းသင်းချို(ခ)မီးမီး

B.Sc(Maths)
Diploma in Accounting(L.C.C.I)UK
Senior Accountant
Shinn Htet Kyaw Industry & Trading Co.,Ltd

တို့သည် ၁၂-၆-၂၀၁၁ ရက် (တနင်္ဂနွေနေ့)တွင် မဟာသန္တိသုခကျောင်းတော်ကြီး(ဧရာခန်းမ)၌ နှစ်ဖက်မိဘများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ညီညီ-မသင်းသင်းချို(ခ)မီးမီး

[illegible]

1.Hotel AGM	Male	(1) post
2.Reception Supervisor	Female	(1) post
3.Reception	Female	(2) posts
4.Waiter Supervisor	Male	(1) post
5.Waiter	Male	(2) posts
6.House Keeping Supervisor	Female	(1) post
7.House Keeping	Female	(2) posts

[illegible] **Facility** [illegible]
[illegible] **Interview** [illegible]

ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

Air - Con

အဟောင်းအပျက်များ ဈေးကောင်း ပေးဝယ်သည်။

ကိုမောင်မောင်တင်
ဖုန်း-၀၉-၅၀၈၅၈၅၀၊ ၀၉-၇၃၀၉၅၉၅၀

ကမ္ဘာ့မိသားစုဆရာဝန်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့မှ ကြီးမှူးကျင်းပမည့် ကမ္ဘာ့မိသားစုဆရာဝန်များနေ့ (World Family Doctors Day)အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်ရာတွင် ယှဉ်ပြိုင်ရမည့် ခေါင်းစဉ်များမှာ အသက်(၃၅)နှစ် အထက်ဆရာဝန်များအတွက် "Role of family Physicians in providing qaulity health care services to the community"၊ အသက်(၃၅)နှစ်အောက် ဆရာဝန်များအတွက်"A family physician is essential for a family "၊ ဆေးကျောင်းသား၊ ဆေးကျောင်းသူများအတွက် "Learning Family Medicine Since undergraduate days" တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာစီစာကုံးများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားယှဉ်ပြိုင်ရမည်ဖြစ်ပြီး စာမူများကို ၂၀၁၁ ခုနှစ် ဇူလိုင် ၈ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ရုံးခန်း အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၃၇၈၈၆၃၊ ၃၉၄၀၄၁၊ ဖုန်း ၀၉-၅၀၃၇၅၃၃၊ ၀၉-၇၃ ၁၀၂၄၉၇နှင့် ၀၉-၅၀၀၇၈၃၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (ကြေးမုံ)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**
- ☆ RFA, DVB - **သွေးထိုးနေသည်။**
- ☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာ ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွက်ခြေကိုက် ဈေးကွက်ဝင် ထုတ်လုပ်မှုစရိတ်သက်သာမည့် အထူးအထွက်တိုးစပါး စမ်းသပ်စိုက် စပါးမျိုးနှင့် စိုက်ပျိုးနည်းစနစ်များ တောင်သူများလက်ဝယ်သို့ စိုက်ပျိုးရာသီအမီဖြန့်

နေပြည်တော် ဇွန် ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌ တောင်သူများအတွက် တွက်ခြေကိုက်၍ ဈေးကွက်ဝင် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစေမည့် တစ်ဧက တင်း ၂၅၀ အထက် ထွက်ရှိနိုင်သော အထူးအထွက်တိုးစပါးမျိုး စမ်းသပ်စိုက်ဧက ၁ ဒသမ ၃၅ ဧက စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး အထွက်တိုးစပါးမျိုးများနှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို တောင်သူများလက်ဝယ်သို့ စိုက်ပျိုးရာသီအမီ ဖြန့်ဖြူးပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တစ်ဧက ဝါပိဿာ ၁၀၀၀ကျော် ထွက်ရှိမည့် မိုးကြိုချည်မျှင်ရှည်ဝါ (ငွေချည်-၆) ၃၂၄ ဧက စိုက်ပျိုးထားသည့် ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာ ဝါစိုက်ခင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားဈေးကွက် အခိုင်အမာရရှိနေသည့်အတွက် ယခုထက် ပိုမိုကောင်းမွန်သည့် ဝါမျိုးကောင်းမျိုးသန့်များ ရှာဖွေဖော်ထုတ်ကြရန် မှာကြားကာ ဒေသခံတောင်သူများ၏ လယ်ယာလုပ်ငန်းဆိုင်ရာ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။ ယင်းနောက် ရမည်းသင်းမြို့နယ် ညောင်အိုင်ကျေးရွာရှိ တောင်သူ ဦးဇော်မင်းထွန်း၏ အောင်မြင်ဖြစ်ထွန်းနေသည့် ရေဆင်းစပ်မျိုး(၁) နေကြာစိုက်ခင်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဆီဖူလုံမှု အထောက်အကူဖြစ်စေမည့် တစ်ဧက တင်း ၅၀ တွင် ဆီပိဿာ ၂၀၀ ထွက်ရှိမည့် နေကြာစပ်မျိုးများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာအောင် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

နိုင်ငံတစ်ဝန်း မီးလောင်မှု ပေါ့ဆမီးကြောင့် အများဆုံးဖြစ်

ရန်ကုန် ဇွန် ၁၂

နိုင်ငံတစ်ဝန်း မေလအတွင်း မီးလောင်မှု (၆၉) ကြိမ် ဖြစ်ပွားခဲ့ပြီး မီးဖိုမီး/ ပေါ့ဆမီး (၅၆) ကြိမ်၊ အလိုအလျောက် နှစ်ကြိမ်၊ လျှပ်စစ်မီး ခြောက်ကြိမ်၊ မသမာသူရှို့မီး သုံးကြိမ်နှင့် မိုးကြိုးပစ်နှစ်ကြိမ် ပါဝင်သည်။

မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၇၃ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးဒုက္ခသည် ၈၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူခုနစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

မီးလောင်မှု (၆၉) ကြိမ်အနက် မီးဖိုမီးအပါအဝင် ပေါ့ဆမီး (၅၆) ကြိမ် ပါဝင်သဖြင့် မီးကိုမဆင်မခြင် ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၁ ဒသမ ၁၆ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရသည်။

မီးလောင်မှု အကြိမ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆန်းစစ်ကြည့်ရာ မန္တလေးတိုင်းဒေသကြီး၌ အကြိမ်အများဆုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ဒုတိယအများဆုံး၊ ရှမ်းပြည်နယ်၌ တတိယ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖